www.burmeseclassic.com

# ကျွန်
# ကိုယ်ပိုင်
# ဟာသ
# ပုံပြင်များ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၉၃၃/၉၆ (၁၂)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၂ /၉၇ (၁)]

ပုံနှိပ်ခြင်း
၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်
အုပ်ရေ (၅၀၀)
တန်ဖိုး
၅၀၀ ကျပ်

မျက်နှာဖုံးပန်းချီ
ကာတွန်းကံချွန်နှင့် TTA ကွန်ပျူတာ
မျက်နှာဖုံးကာလာခွဲ
CSS ကာလာခွဲ

ထုတ်ဝေသူ
ဦးမြသန်း (၀၁၅၀) အသိုင်းအဝိုင်းစာပေ
၃၅၊ သမာဓိလမ်း၊ ဖွဲ့စုံရပ်၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းပုံနှိပ်သူ
ဆါရွှေ (၀၂၀၇၉) သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ်
ကိုမြင့်
ကွန်ပျူတာစာစီ
ခေတ်ပြိုင်ကွန်ပျူတာ

BURMESE CLASSIC .com



ကံချွန်

# ကိုယ်ပိုင်ဟာသပုံပြင်များ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ဟာသ

## မာတိကာ


၁။ ကျွန်တော်ပြုံးမိသမျှ ၇
၂။ အမေ့စကား ၈
၃။ အချင်းချင်းတော့ ၁၂
၄။ ငါ့နာမည်သာ ထည့်လိုက် ၁၅
၅။ သူ့ဗွားတဲ့က ၁၉
၆။ ယုံကြည်အောင်လို့ ၂၂
၇။ မသိတာတ်လို့ ၂၄
၈။ အရေးကြီးတာက ၂၇
၉။ ဟိုက် ၃၀
၁၀။ ဟပ်ဖရိုက် ၃၂
၁၁။ ဘာမှာဦးမှာလဲ ၃၆
၁၂။ နှစ်ခါပေါ့ကွာ ၃၈
၁၃။ ဒီတစ်ခါတော့ ၄၃
၁၄။ သာခိုလား ၄၄
၁၅။ နည်းနည်းတော့လိုတာပဲ ၄၇
၁၆။ တီးလုံးမဆုံးလို့ ၅၀
၁၇။ ဆရာကြီး၏ ညွှန်ကြားချက် ၅၃
၁၈။ လေးစားလိုက်ပုံက ၅၆
၁၉။ နားထောင်လိုက်ပုံ ၅၉
၂၀။ မကြောက်တဲ့သူ ၆၃
၂၁။ တစ်ယောက်လို ၆၆
၂၂။ ဖြစ်တော့ဖြစ်မယ် ၆၈
၂၃။ ကြာပြီ ၇၂
၂၄။ ဒေါ်ကြွားစိန် ၇၅
၂၅။ အဲဒါကြောင့် ၇၉
၂၆။ ဒေါ်လာနဲ့ပဲ ရောင်းတော့မယ် ၈၁
၂၇။ မှတ်ဆိတ်ငါးကျုပ် ၈၄
၂၈။ မရှိင်းပါနဲ့ ၈၆
၂၉။ ကျော်ဆွေ ဘယ်နှစ်ယောက်ရှိသလဲ ၉၀
၃၀။ ရေပေါ် လမ်းလျှောက်နိုင်ပြီ ၉၃
၃၁။ တော်လိုက်ပုံက ၉၆
၃၂။ လည်လိုက်ပုံက ၉၉
၃၃။ အလိုက်ပုံက ၁၀၂
၃၄။ ညံ့လိုက်ပုံက ၁၀၅
၃၅။ ကြာလိုက်ပုံက ၁၀၈
၃၆။ စိုးရိမ်ပို့ပါ ၁၁၁
၃၇။ အဆင်ပြေသွားပါပြီ ၁၁၂
၃၈။ ဘကြီးတက်တူ ကြားပုံက ၁၁၅
၃၉။ သစ်ကိုင်းနဲ့ မငြိစေနဲ့နော် ၁၁၈
၄၀။ ရှုရင်ဝှတ်တော်က် ၁၂၁
၄၁။ ကြိုက်ရာကို ရွေးစမ်းကိုယ့်လူ ၁၂၄
၄၂။ သူ့ဟာသူ ၁၂၇
၄၃။ မလွမ်းပါဘူး ၁၃၀
၄၄။ ပြန်ပြောပုံက ၁၃၃


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၄၅။ အန္တရာယ်ကင်းအောင်ကွယ် ၁၃၆
၄၆။ မေ့ထားလိုက်ပါ ၁၃၉
၄၇။ သားသားအကြိုက် ၁၄၂
၄၈။ သားတို့နဲ့မှ အဆင်ပြေမှာ ၁၄၅
၄၉။ ယောက်ျားပီသတဲ့သူ ၁၄၈
၅၀။ ဟိုဟာပြချင်ရင် ၁၅၁
၅၁။ ထင်မိယောင်မှား ၁၅၅
၅၂။ ဝစ္စပေါက်ကြောင့် ၁၅၉
၅၃။ ပြုံးပြနေတာကြာပြီ ၁၆၁
၅၄။ အဩ်တူလား ၁၆၄
၅၅။ တွက်ကြည့်စမ်းပါ ၁၆၇
၅၆။ တစ်ခွက် ၁၇၀
၅၇။ ပြိုင်ပွဲ ၁၇၄
၅၈။ ဘဲ သူငယ်ချင်း ၁၇၇
၅၉။ ကျေးဇူး ၁၈၁
၆၀။ ကြက်ဘယ်ဈေးရှိသလဲ ၁၈၄
၆၁။ တစ်ယောက်က ကျွန်တော်ပါ ၁၈၇
၆၂။ ယောကျ်ားတွေ ဘယ်ရောက် ၁၉၀
၆၃။ ရှေ့ကထွက်ရမလား။ နောက်က ထွက်ရမလား ၁၉၃
၆၄။ ပညာရေးမှူးကို ဖြစ်နေပြီ ၁၉၆
၆၅။ အရွယ် ၁၉၉
၆၆။ ခပ်တည်တည်နေတာ ၂၀၂
၆၇။ တော်က လူကြီးကိုး ၂၀၅
၆၈။ ဒဏ်ရိုက်ပုံက ၂၀၈
၆၉။ သိတဲ့ တစ်လုံး ၂၁၁
၇၀။ အမျိုးကောင်းလေး ၂၁၄


## ကျွန်တော်ပြုံးမိသမျှ

"ကိုယ်ပိုင်ဟာသပုံပြင်များ"သည် ကျွန်တော် ပြုံးမိသမျှ ဖြစ်ရပ်တို့ကို၊ အတွေ့အကြုံတို့ကို၊ ကြားသိသမျှတို့ကို ဝတ္ထုတိုအဖြစ် မရေးလောက်၍ ပုံပြင်တိုလေးများအသွင် ရေးထားသော "ဟာသများ" ဖြစ်ပါသည်။

ဤစာအုပ်တွင် ကြားဖူးနားဝပုံပြင် အနည်းငယ် ပါတော့ပါ, ပါသည်။ အများစုမှာ ကိုယ်ပိုင် ပုံပြင်များဖြစ်၍ စာအုပ်အမည်ကို "ကိုယ်ပိုင်ဟာသပုံပြင်များ"ဟု အမည်ပေးလိုက်ရခြင်းဖြစ်ပါသည်။ ကြားဖူးနားဝ ဟာသများကိုမူ ပုံပြင် အောက်ခြေတွင် (ကြားဖူးနားဝ)ဟု ရေးသားဖော်ပြ ထားပါသည်။

စာဖတ်သူတို့ကို လေးစားလျက်

ကဲချွန်

၈–၈(၄၄)၊

သိုးခြံမြို့သစ်၊


မန္တလေး။

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# အမေ့စကား



BURMESE CLASSIC .com

## အမေ့စကား

တစ်ခါက ရွာတစ်ရွာမှာ ဒေါ်ငွေရှိနဲ့ သား မောင်ရွှေအိုး ဆိုတာ ရှိတယ်။ မောင်ရွှေအိုးက ဘာမှမလုပ်ဘဲ အမေ့လုပ်စာ ထိုင်စားနေတာ။ ဒီအထဲ ဟင်းမကောင်းရင် စိတ်ဆိုးသေးတယ်။ တစ်ရက်မှာ သူ မကြိုက်တဲ့ဟင်းတွေဖြစ်နေတော့

"တော်ပြီဗျာ၊ ထမင်းမစားဘူး"

"ငါ့သားရယ်၊ ဒါနဲ့စားထိုက်လို့ ဒါနဲ့စားရတာလို့ သဘောထားမှပေါ့"

"မစားဘူးဗျာ"

"မိဘစကားနားမထောင်ဘူးပေါ့လေ"

"မထောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး-မင်းကို ပါးရိုက်ကျွေးတဲ့လူ ပေါ်လာလိမ့်မယ်"

"ပေါ်ပေါ်ဗျာ"

အဲသလိုပြောပြီး ရွာပြင်ဇရပ်မှာ ထွက်အိပ်နေသတဲ့။ အမေကတော့ သူ့သားဆာနေရင် စားရအောင်ဆိုပြီး ရှိတဲ့ဟင်းနဲ့ပဲ ထမင်း ထုပ်လို့ သူ့သားအိပ်နေတဲ့ဘေး သွားချထားသတဲ့။

အဲဒီအချိန်မှာ ဓားပြနှစ်ဦးက အဲဒီဇရပ်ကိုရောက်လာတယ်။

"ငတုတ်ကြီး၊ ဟိုမယ် လူတစ်ယောက်အိပ်နေပါလား"

"ဟုတ်ပါ၊ သူ့ဘေးမှာ ထမင်းထုပ်နဲ့"

"အဆင်ပြေတာပေါ့ကွာ။ တို့ဆာလာတာနဲ့ အံကျပဲ။ ကောင်းသလား၊ မကောင်းသလားမသိ။ ဒီလူက ဒီထမင်းထုပ်ကို မစားဘဲအိပ်နေတာသာကြည့်တော့"

"ဒါဖြင့် သူ့ကိုနိုးပြီး မေးကြည့်ရအောင်"

အဲသလို ဓားပြနှစ်ယောက်ဟာ ရွှေအိုးကိုနိုးပြီး

"ဟေ့ကောင်၊ ဒီထမင်းထုပ် မင်းဟာလား"

ရွှေအိုးကကြည့်ပြီး သူ့အမေလာပို့သွားတာပဲဆိုတာ သိလိုက်တယ်။ ဒါကြောင့်

"ဟုတ်ပါတယ်"

"ဟုတ်ရင် ဘာလို့မစားရတာလဲ"

"မစားချင်လို့"





"ဘာလို့မစားချင်ရတာလဲ"

"မစားချင်လို့ မစားတာပေါ့ဗျ"

"မေးနေတာ ကောင်းကောင်းဖြေပါ။ ဒီအထဲမှာ အဆိပ်ခပ်ထားသလား။ ကျီးတွေ၊ ငှက်တွေ ပက်ကျွေးပြီး ဖမ်းမလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် စားပြ"

"မစားဘူး"

"စားရမယ်"

"မစားချင်လို့ မစားတာဗျ"

"ဒီကောင် တယ်ခက်ပါလား၊ ခုစားပြ"

"မစားဘူး"

"ကဲ မစားတော့လဲ ရိုက်ကျွေးရတာပေါ့ကွာ"

ဖြန်း-ဖြန်း-ဖြန်း

လူဆိုးက မောင်ရွှေအိုးရဲ့ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး အတင်းစားခိုင်းတယ်။ ဒီတော့ မောင်ရွှေအိုးက--

"အမေရေ-အမေ့စကားမှန်တယ်ဗျ။ သားကို ပါးရိုက်ပြီး ကျွေးနေကြပြီလို့" အော်ငိုလိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com



## အချင်းချင်းတော့

တစ်ခါက ကုက္ကိုစုဆိုတဲ့ ရွာလေးရှိတယ်။ ကုက္ကိုစုရွာသားများဟာလည်း စကားပြောရာမှာ ဥပမာတွေနဲ့ နှိုင်းနှိုင်းပြောလေ့ရှိတယ်။ လုတောသားတို့၊ နတ်ကန်ဦးသားတို့လိုပေါ့။

တစ်ရက်မှာ ကုက္ကိုစုရွာသားတစ်ယောက်က မြို့ကိုရောက်သွားတုန်း သမဝါယမ ကုန်စုံဆိုင်ကိုဝင်တယ်။ သမဝါယမဆိုင်က ဈေးသက်သာ တာကိုး။

"ကျွန်တော် စက်ဘီးတာယာလိုချင်လို့"

"မရှိပါဘူးခင်ဗျာ"

"အမှန်တစ်ကယ်သုံးဖို့ပါဗျာ။ ကျွန်တော့်စက်ဘီးက တာယာတွေက ဘဲဥပွတ်ထိုးထားသလို ဖြစ်နေပါပြီ။ ဆေပင်ညှပ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တောင် ရဲရဲမစီးရဲပါဘူး။ ဆံပင်မွေးစူးရင် ပေါက်မှာစိုးလို့"

ဆိုပြီး ပြောသတဲ့။ ဒီတော့ အရောင်းတာဝန်ခံက

"စိတ်မကောင်းပါဘူးဗျာ။ တစ်ကုယ်ရောင်းစရာမရှိလို့ပါ။ ကောင်တာသာ ကြည့်ပါတော့။ ခွေးလျက်ထားတဲ့ ထန်းလျက်ခဲလို ပြောင်နေပြီ။ အချင်းချင်းတွေပဲဗျာ၊ လိမ်မပြောပါဘူး။ ကျွန်တော်လဲ ကုဏ္ဍိုရုရွှာသား" ပါလို့ ပြောလိုက်သတဲ့။

*　*　*



## ငါနားမလည်သာထည့်လိုက်

တစ်ခါက ရွာတစ်ရွာမှာ ကိုဘဦးဆိုတဲ့ ဘောလုံးဝါသနာအိုးတစ်ယောက်ရှိတယ်။ ဘောလုံးအသင်းဖွဲ့ပြီဆိုရင် သူကအမြဲပါတယ်။ သူ့မှာက ကားလည်းရှိတယ်။ ငွေလည်းရှိတယ်လေ။ ဒီတော့ ဘောလုံးအသင်းအတွက် ဂျတ်စုံ၊ ဘောလုံး၊ ခြေနင်းကအစ လိုအပ်ရင် လိုအပ်သလို သူကငွေစိုက်ပြီး ထူထောင်နိုင်တာကိုး။ ဒီတော့ ဘောကန်မကောင်းပေမယ့် သူ့ကို ထည့်ထည့်ပြီးဖွဲ့ရတယ်။

တစ်နှစ်မှာတော့ ရွာကလည်း စီးပွားရေးလမ်းပွင့်ပြီး ပြေလည်လာကြတော့ ကိုဘဦးကို အသင်းဖွဲ့တဲ့အထဲ မထည့်ချင်ကြတော့ဘူး။ ကိုဘဦးကလည်း ဘောသင်းဖွဲ့ဖို့ စည်းဝေးပြီးဆိုတာနဲ့ ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ငါ့နှာမည်သာ ထည့်လိုက်





"ကဲ-ကဲ လူစာရင်းမှတ်ဟေ့။ ငါရယ်၊ သံခဲတို့ ညီအစ်ကိုရယ်၊ ဖိုးလုနဲ့ ဝင်းမောင်ရယ်" ဆိုပြီး ပြောတော့တာ။ ဘောသမားတွေကလည်း သူ့ကို ချန်ထား ချင်လို့။

"ပြင်ဖွဲ့ပါဗျာ။ လူရွေးပါဦး"

"ရွေးလေ၊ ငါရယ်၊ မာတောက်ရယ်၊ သံခဲတို့ညီအစ်ကိုနဲ့ ဖိုးလုကတော့ ပါရမှာ။ ပြီးတော့…."

"ကိုဘဦးက "ငါရယ်"ကွာဆိုပြီး စစပြောနေတော့ ဘောသမားတွေ အခက်တွေ့နေတယ်။ သူ့ကို ချန်ထားချင်တာကိုး။ ဒီတော့ တစ်ယောက်က-

"ဒီမှာ ကိုဘဦး၊ ကျွန်တော်က ဦးစီးပြီးဖွဲ့ရရင် ဘယ်တော့မှ ကိုယ့်နာမည်ကိုယ် စာရင်းထဲမထည့်ဘူး" လို့ ပြောလိုက်တယ်။ အဲဒီစကားလည်း ကြားရရော ကိုဘဦးက-

"ဒါဆိုလဲ မင်းဦးစီးပြီးဖွဲ့လေ။ မင်းနာမည်မထည့်နဲ့။ ငါ့နာမည်သာ ထည့်လိုက်" လို့ ပြန်ပြောလိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# သူငှါးတာက



## သူငှားတာက

တစ်ခါက ရွာတစ်ရွာတွင် အငှားအရမ်း ဝါသနာပါသော ဒေါ်စိန်ရိုးဆိုသည့် မိန်းမကြီးတစ်ယောက်ရှိလေသည်။

"မမြ"

"ဘာလဲ"

"တော်လုံချည် အပြာလေး ခဏငှားစမ်းပါ။ ဒီလုံချည်အနီ ယူထားလိုက်ပါ။ ကျုပ်က အပြာဝတ်ချင်လို့"

"တော့်အဲဒီအနီက ဘယ်တုန်းကဝယ်ထားတာလဲ"

"ဝယ်တာမဟုတ်ပါဘူး။ ဟိုဘက်အိမ်ကငှားလာတာပါ၊ တော့်လုံချည်နဲ့ လဲဝတ်ချင်လို့"

"ဟင်"

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုမျိုး။ ငှားရမ်းတဲ့ဆီမှာတော့ ကမ်းကိုကုန်ရော။ ဒေါ်မြကအလွန်စိတ်ရှည်ပါတယ်။ ဒေါ်စိန်ရိုး လာငှားရင် ပေးလိုက်တာပါပဲ။ တစ်ရက်မှာတော့ ဒေါ်မြက–

"တော်လွန်လွန်းပြီ။ ကျုပ်သည်းမခံနိုင်တော့ဘူး။ နောက်လုံးဝ မဆက်ဆံပါနဲ့" လို့ အော်ဟစ်နေသံ ကြားရတယ်။ ဒေါ်စိန်ရိုးထွက်သွားမှ ဘေးအိမ်က ဒေါ်မြကို လှမ်းမေးတယ်။

"ဒေါ်ဒေါ်မြ၊ ဒေါ်စိန်ရိုးကြီး ဘာလာငှားလို့လဲ"

"မီးထည့်ထားတဲ့ မီးဖိုတဲ့အေ။ သူထမင်းအိုးတည်ချင်လို့ မီးဖိုခဏတဲ့"

"အင်"

* * *



## ယုံကြည်အောင်လို့

တစ်ခါက ရုံးတစ်ရုံးကို ဦးသာဝ ရောက်သွားတယ်။ အဲဒီရုံးမှာ သူ့သားမက် ကိုရွှေမောင်ရှိတာကိုး။ ရုံးထဲဝင်သွားတာနဲ့ ကိုရွှေမောင်က

"ဟာ အဖေဘယ်ကလှည့်လာတာလဲ"

"ဒီကို တမင်လာတာပါကွာ"

"ကိစ္စရှိလို့လား"

"အေး ငါ့ထောက်ခံစာလေးတစ်ခု လိုချင်လို့၊ ပြီးတော့ ဒီလျှောက်လွှာလဲ လက်မှတ်ထိုးခိုင်းချင်လို့"

"အဲဒါဆို တစ်ထောင်တော့ ပေးရမယ်"


"ဟော့–မင်းက ငါ့သမီးယူထားပြီး ငါ့ဆီက ငွေတောင်းရသလား"



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ဝအောင်ဆို





"ငွေမပေးချင်ရင် အဖေအိမ်ပြန်ပြီး ကျွန်တော်တို့ လက်ထပ်စာချုပ်ယူခဲ့ပါအဖေ။ ဒီမှာ ဦးလေးမို့၊ အစ်ကိုမို့ဆိုပြီး လုပ်ပေးတာတွေများနေလို့ တကယ်အစစ်အမှန်ဖြစ်ကြောင်း ခိုင်လုံမှ အလကားလုပ်ပေးရမယ်ဆိုပြီး အားလုံးသဘောတူထားလို့ပါ အဖေ။ ကျေးဇူးပြုပြီး ရုံးအဖွဲ့သားတွေယုံကြည်အောင် ကျွန်တော်တို့ လက်ထပ်စာချုပ်ရယ်၊ သန်ခေါင်စာရင်းရယ် ယူခဲ့ပါအဖေ" လို့ ပြန်ပြောလိုက်သတဲ့။

(ကိုယ်ပိုင်ပုံပြင်)

* * *

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မသိတတ်လို့





## မသိတတ်လို့

တစ်ခါက ကိုစံအောင်နဲ့ မချောစိန်တို့ လင်မယားရှိတယ်။ ကိုစံအောင်က ဌာနတစ်ခုမှာ အလုပ်လုပ်တယ်။ တစ်ရက်မှာတော့ ကိုစံအောင် လခထုတ်လာတာကို မိန်းမက စပ်စုရာကစပြီး ရန်ဖြစ်တော့တယ်။ ကိုစံအောင်ဆိုတာ မချောစိန်ကို ရိုက်လိုက်တာမှ မကျိုးပေးမယ့် ပုံသွားတာပဲ။ တစ်ကိုယ်လုံး အရှိုးရာကြီးတွေကို ထင်လို့။ မဆိုင်သူဝင်မပြောနဲ့ဆိုပြီး ရိုက်တာ။

အဲသလို ရိုက်တဲ့ သတင်းကြားတော့ မချောစိန်ရဲ့အမေက မခံမရပ်နိုင်ဖြစ်ပြီး လိုက်လာတာပေါ့။

"ဟဲ့ စံအောင် မင်းဘယ်နှယ့်လုပ်လိုက်တာလဲ"

"အမေ့သမီးက စပ်စုလွန်းလို့"

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ လင်နဲ့မယားပဲ၊ စပ်စုတယ်ရယ်လို့ ဘယ်ဟုတ်မလဲ။ သိသင့်သိထိုက်တာ မေးတာပေါ့"

"နေရာတကာ သူသိလို့မှမဖြစ်တာ အမေရ။ လခထုတ်တဲ့နေ့ဆို သူသုံးဖို့ သူ့လက် အကုန်အပ်လိုက်တာပဲ"

"အကုန်အပ်တာတော့ ဟုတ်တာပေါ့ကွယ်။ အပြည့်အဝ မအပ်ရင်တော့ မိန်းမဆိုတာ စပ်စုမှာပေါ့"

"ဟာဗျာ အမေကလဲ၊ လခထက်သုံးဆလောက် ပိုအပ်နေတာဗျ။ အဲဒါ အေးအေးဆေးဆေး မသုံးဘဲ ဘယ်လိုရတာလဲ၊ ဘယ်လိုရတာလဲနဲ့ မေးနေတဲ့ဟာကို...."

"အင်"

(ကိုယ်ပိုင်ပုံပြင်)

* * *



# အရေးကြီးတာကငါ



www.burmeseclassic.com

www.burmeseclassic.com

## အရေးကြီးတာကငါ

တစ်ခါက ရွာတစ်ရွာအနီးမှာ ကားတစ်စီး တိမ်းမှောက်တယ်။ ကားမှောက်တော့ ထုံးစံအတိုင်း လူတွေထိခိုက်တာပေါ့။ ပွန်းကြ၊ ပဲ့ကြ၊ ကျိုးကြ၊ သေကြနဲ့။ ကားမှောက်တယ်ဆို ကြားတော့ ရွာက လူတွေပြေးလာပြီး ကြည့်ကြတာပေါ့။

"ဟယ် သနားပါတယ်"

"အို ငယ်ငယ်လေးရှိသေးတာ" နဲ့ ဆုံးသွားတဲ့ လူတွေကို ဝိုင်းအုံကြည့်နေတာပေါ့။ အဲဒီ အချိန်မှာ ခြေထောက်ကျိုးလို့ သစ်ပင်နားမှာ မှီထိုင်နေရတဲ့ လူ တစ်ယောက်က လှမ်းအော်လိုက် သတဲ့။

"ဟေ့ ဒီလာကြဟေ့။ သေတဲ့လူက နာတာမဟုတ်ဘူး။ ကျိုးတဲ့သူက နာတာ၊ အရေးကြီးတာက ငါ"


လို့။

(ကြားဖူးနားဝ)

* * *



# ဟာသ



www.burmeseclassic.com

www.burmeseclassic.com

## ဟိုက်

တစ်ခါက ဦးရိုးလွန်းဆိုသူ တစ်ယောက်ရှိတယ်။ သူက နေရာတကာမှာ ကြီးကြီးကျယ်ကျယ် ပြောလေ့ရှိတယ်။ တစ်ရက်တော့ ဦးရိုးလွန်းနဲ့ သူ့မိတ်ဆွေတွေ ထိုင်နေတုန်း ဦးရိုးလွန်းရဲ့ သား ငါးနှစ်အရွယ် ကလေးလေးက သူတို့ထိုင်နေတဲ့နေရာ ရောက်လာပြီး–

"ဖေဖေ ဒါဘာလဲဟင်"

ဦးရိုးလွန်းက လှမ်းကြည့်လိုက်ပြီး

"မှန်ဘီလူးခေါ်တယ်ကွယ့်။ နေရောင်ထဲမှာ ထောင်လိုက်ရင် စုရပ်က အလယ်ကပြန်ထွက်လာတော့ နေရောင်စူးပြီးမီးဖြစ်သွားတယ်။ နှစ်ဖက်ခုံးမှန်ဘီလူးခေါ်တာပေါ့"





သူ့သားကို ရှင်းပြလိုက်ပြီးတော့ ဦးရိုးလွန်းက သူ့မိတ်ဆွေတွေဖက် ပြန်လှည့်လိုက်ပြီး–

"ကလေးဆိုတာ ဒီအရွယ်မှာ အလွန်စပ်စုတာ။ သူတို့လုပ်တာ ကိုင်တာ မေးတာကို စိတ်ရှည်ရှည်နဲ့ ရှင်းပြမှဗျ။ ဒါမှ တိုးတက်တာ။ အော်တာ၊ ငေါက်တာ၊ တားတာလုပ်လိုက်ရင် ကလေးက နောက် ဘာမှမလုပ်ရဲ၊ မကိုင်ရဲ၊ မမေးရဲနဲ့ တုံးသွားတတ်တယ်။ ကျုပ်ကတော့ ကလေးကို ဘယ်တော့မှ အော်လား၊ ငေါက်လား၊ ရိုက်လား မလုပ်ဘူး။ ကလေးတွေရဲ့ စူးစမ်းလိုစိတ်ကို အဟန့်အတားမဖြစ်စေဘူး"

ဦးရိုးလွန်းက သူ့သားပုခုံးကို ဖက်ထားပြီး သူ့မိတ်ဆွေကို ရှင်းပြလိုက်တယ်။ ပြီးတော့မှ–

"သားသား ဒီမှန်ဘီလူကြီး ဘယ်ကရလာတာလဲဟင်"

ကလေးက သူ့လက်တစ်ဖက်မှာ ကိုင်ထားတဲ့ ကျောက်လုံ့ကို ထောင်ပြလိုက်ပြီး–

"ဖေဖေ ခတ်ပုံရိုက်တဲ့ ဟာထဲက ကော်ထုတ်ယူလာတာ"

"ဟိုက်"

(ကိုယ်ပိုင်ပုံပြင်)


* * *



www.burmeseclassic.com

www.burmeseclassic.com

# ဟာပ်ဖရိုက်



## ဟာပ်ဖရိုက်

တစ်ခါက ရွာတစ်ရွာမှာ ကိုအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ တစ်ရက်မှာတော့ သူမြို့ကို ဘုရားဖူးသွားသတဲ့။ မြို့ရောက်တော့ သူ့သူငယ်ချင်းအိမ်မှာ တည်းတယ်။

"ကဲပြော၊ ဘာကိစ္စနဲ့ တို့မြို့ကိုတက်လာရတာတုန်း"

"ဘုရားဖူးပါပဲ"

"ဒါဖြင့် အေးအေးဆေးဆေးနေကွာ။ ငါအကုန်လိုက်ပို့ပေးပါ့မယ်"

သူငယ်ချင်းက ကိုအေးကို ဘုရားတွေစုံအောင် လိုက်ပို့သလို စားသောက်ဆိုင်တွေစုံအောင်ပါ လိုက်ကျွေးတယ်။

"စားကွာ"

"ကြက်ဥက မကျက်ပါလား"

"ဟာပ်ဖရိုက်ခေါ်တယ်ကွ။ ဒါမှအားရှိတာ"

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ဒီအသီးအရွက်တွေကရော"

"အစိမ်းကြော်ကွ၊ အစိမ်းနဲ့ပျောက်ရုံ ကြော်ထားတာ။ ကျက်အောင်ကြော်ထားတာ မဟုတ်ဘူး။ ဒါမှ အားရှိတာ"

ကိုအေးဟာ မကျက်တကျက်ချက်ထားတာတွေကို ခံတွင်းတွေ့ပြီး အတော်သဘောကျသွားတယ်။ ရွာပြန်ရောက်တော့ သူ့မိန်းမကို မြို့ကလူတွေများ အဆင့်မြင့်သွားပြီဆိုရင် 'ဟပ်ဖရိုက်' တွေ စားကြကြောင်း ပြန်ပြောပြသတဲ့။

"ဘာလဲတော့ ဟပ်ဖရိုက်ဆိုတာ"

"မကျက်တကျက်ကြော်တာ၊ ချက်တာပေါ့ကွ။ မှတ်ထား။ နောက် ငါတို့ ဟပ်ဖရိုက်ပဲ စားကြစို့"

မိန်းမက မျက်စိပေကလပ် ယကလပ်နဲ့ နားထောင်နေတယ်။ နေ့လည်ရောက်တော့ ကိုအေးဟာ သူ့ရှေ့မှာချပေးတဲ့ ရေနွေးကို သောက်မလို့ ငုံ့လိုက်တယ်။ ရေနွေးက လက်ဖက်ခြောက်တွေ ပေါလောပေါလောနဲ့ ပူတယ်ဆိုရုံပဲ ဖြစ်နေတယ်။ ဒီတော့ ကိုအေးက–

"ဟ–ရေနွေးကလဲ ဘယ်လိုဖြစ်နေတာတုန်း"လို့ မေးလိုက်တယ်။ သူ့အမေးကို သူ့ဇနီးပြန်ဖြေလိုက်ပုံကတော့–

"ဟပ်ဖရိုက်လေ" တဲ့။

(ကိုယ်ပိုင်ပုံပြင်)

* * *



## ဘာမှာဦးမလဲ

တစ်ခါက အဝေးပြေးလမ်းမဘေးတွင် ညောင်ညိုရိပ်ဆိုသော လမ်းဆုံလေးရှိ၏။ ထိုလမ်းဆုံတွင် အဝေးပြေးကားများ နားလေ့ရှိသည်။ စာသောက်ဆိုင်၊ ဓါတ်ဆီဆိုင်၊ လေဖြည့်ဆိုင် စသည့်ဆိုင် ဆယ်ဆိုင်ခန့်လည်းရှိသည်။ ကားဆရာများ ထိုင်လေ့ရှိသောဆိုင်များတွင် ဦးသာထူး၏ ဆိုင်လည်းပါ၏။

ဦးသာထူးမှာ အသုတ်စုံ၊ ထမင်းဖြူနှင့် အချိုရည်ဗူး၊ ဘီယာဗူးများ ရောင်းသူဖြစ်သည်။ ဦးသာထူးသည် သူ့ဆိုင်တွင် လိုအပ်သမျှကို သူ့ဆိုင်မှာလာစားသောက်သော ကားဆရာများနှင့် မှာလေ့ရှိသည်။ တစ်ရက်တွင် ကားဆရာသည် လေးယောက်ထိုင်၍ အသုပ်စားနေစဉ် ဦးသာထူးက–

"ဟော့ မောင်ကျော် မင်းဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

# ဘာမှာဦးမလဲ





"ကျောက်ပန်းတောင်း ဦးလေးထူး"

"ဒါဆို မင်းအပြန်မှာ ထန်းလျက်ကလေး ဝယ်ခဲ့စမ်းပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"မြမောင်ကရော အတူတူပဲလား"

"ကျွန်တော်က မကွေး"

"မကွေးဆိုရင်တော့ ဆီမှာရမှာပဲ။ ပဲဆီစစ်စစ်လေး နှစ်ပိဿာလောက်ဆွဲခဲ့ပါ။ ငါဒီကျတော့ ဆီဖိုးပေးပါ့မယ်"

"ရပါတယ်"

"ဦးကျော်၊ ဦးကရော အတူတူပဲလား"

"မိုးကုတ်ကျောက်မှာဦးမလား"

"မမှာနိုင်ပါဘူးကွာ၊ မျှစ်ချဉ်လောက်ပဲ မှာနိုင်မှာပါ"

သို့နှယ် တစ်ယောက် တစ်မျိုးမှာနေကြသောကြောင့် မောင်ဦးမှာ သူ့ကိုမမှာခင် အသာထ၍ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအရိပ်အခြေကိုမြင်သော ဦးဘထူးက --

"ဟေ့ မောင်ဦးက ဘယ်သွားမှာလဲ"

မောင်ဦးသည် လှည့်ကြည့်ကာ ဖြေလိုက်သောစကားကြောင့် အားလုံးရယ်လိုက်မိလေသည်။ မောင်ဦး၏ အဖြေမှာ

"အိမ်သာသွားမလို့ဦးလေး၊ ဘာမှာဦးမလဲ" ဟူသတည်း။

* * *

**စိန်စိန်ဦး၊စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ခါပေါ်ကွာ



## နှစ်ခါပေါ်ကွာ

တစ်ခါက ဦးသာဝဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူ့ဇနီးက ဒေါ်ရွှေမျှင်တဲ့။ ဒေါ်ရွှေမျှင်က ဦးသာဝကို နိုင်တယ်။

"ကိုသာဝ"

"ဟေ့"

"ဈေးသွားပြီး ခရမ်းချဉ်သီး ငါးဆယ်သားဝယ်ခဲ့"

"အေး အေး"

အဲသလို အမြဲနိုင်းလေ့ရှိတယ်။ နိုင်းပြီးရင်လဲ ဘယ်တော့မှ စိတ်တိုင်းကျတယ်ရယ်လို့ မရှိဘူး။

"ကိုသာဝ"

"ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းချဉ်သီးက လေးဆယ်သားပဲရှိတယ်။ ချဉ်ပေါင်ရွက်တွေက အနွမ်းတွေ၊ ငရုတ်သီးစိမ်းကလဲ အပုပ်"

"ဟုတ်လား ဒီဆိုင်တော့ တစ်ခါပေါ့ကွာ။ နောက်တော့ တစ်ခြားဆိုင် ပြောင်းဝယ်ရမယ်"

ဒေါ်ရွှေမျှင်က စိတ်တိုင်းမကျလို့ပြောတိုင်း ဦးသာဝက အဲသလိုပြန်ပြောလေ့ရှိတယ်။ အမြဲတမ်းပဲ။ ဒီလိုနဲ့ တစ်လလောက်ကြာတော့ ဦးသာဝဈေးဝယ်ပြီး ပြန်အလာမှာ

"ကိုသာဝ"

"ဟေ"

"ဒီနေ့ဝယ်လာတဲ့ ခရမ်းချဉ်သီးကလဲ အလေးလျော့တာပဲ"

"ဟုတ်လား၊ ဒီဆိုင်တော့ နှစ်ခါပေါ့ကွာ"

"ဘာ-အရင်က လျော့ပေးတဲ့ဆိုင်ကပဲ ဝယ်ခဲ့တာပေါ့လေ ဟုတ်လား"

"အင်း"

"ဘာလို့ အလေးမမှန်တဲ့ဆိုင် သိလျက်နဲ့ ဝယ်ရတာလဲ"

"ပြောင်းပြောင်းပြီးဝယ်တာ ဆိုင်ကုန်ပြီကွ။ ဒါကြောင့် တစ်ပတ်ပြန်လှည့်ပြီးဝယ်ရလို့ နှစ်ခါဖြစ်သွားတာ"

ဟူ၍ ဖြေလိုက်လေသတည်း။

* * *



## ဒီတစ်ခါတော့

တစ်ခါက ကိုသာစိန်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ အလွန်စိတ်တိုတဲ့လူပေါ့။ လက်ဖက်ရည်ဆိုင်ရောက်ရင်-

"ဖန်ချို"

ဆိုပြီး အော်လိုက်တာ။ အော်ပြီးလို့ လက်ဖက်ရည် ရောက်ရင်ရောက်၊ မရောက်ရင် သူ့ဟာသူ ထပြီးတော့ဖျော်တာ။ ကွမ်းယာဝယ်လို့ ချက်ချင်းရရင်ရ၊ မရရင် သူ့ဟာသူ ယာစားတာ။ တစ်ခါကဆို ဆိုက္ကားငှားစီးတာ။ နင်းတဲ့လူက နှေးနေလို့ ဆိုပြီး-

"ဟေ့ကောင် မင်းထိုင်လိုက်စမ်း၊ ငါနင်းပြမယ်။ ဒီလိုနင်းရတယ်ကွ" နဲ့ ဆိုက္ကားဆရာကို ထိုင်ခိုင်းပြီး သူကနင်းလာတာကို တွေ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဒီတစ်ခါတော့





တစ်ရက်မှာတော့ ကိုသာစိန်ဟာ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို တဗျစ်ဗျစ်ကုတ်ရင်း ပြန်လာတယ်။

"အသုံးကိုမကျဘူး။ တောက်...ခက်ပါတယ်ကွာ။ လူတွေများ အလုပ်ကို အလုပ်နဲ့တူအောင် မလုပ်ချင်ဘူး" ဆိုပြီး ဗျစ်တောက်ဗျစ်တောက်နဲ့ ပြောနေတယ်။ ဒီတော့ သူ့မိန်းမက--

"တော်က ကိုယ့်ဟာကိုယ် လုပ်ခဲ့ရောပေါ့" လို့ ဝင်ပြောလိုက်တယ်။ ဒီတော့ ကိုသာစိန်က သူ့မိန်းမကို ကြည့်ပြီး-

"ဆံပင်ညှပ်ဖို့သွားတာကွ၊ ကိုယ့်ခေါင်း ကိုယ့်ဟာကိုယ် ညှပ်လို့ရမယ်တဲ့လား" လို့ အော်လိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# သာဓုလား



## သာဓုလား

တစ်ခါက ရွာတစ်ရွာကို ဒေါ်စိမ့်ဆိုတဲ့ တရုတ်မကြီး တစ်ယောက်ပြောင်းလာတယ်။ သူနေရတာက ရွာအစွန်မှာပေါ့။ မြို့က ပြောင်းလာတာဆိုတော့ ပါလာတဲ့ အသုံးအဆောင်ပစ္စည်းတွေက သစ်သစ်လွင်လွင်တွေ။ ဒီတော့ သူခိုးက အဲဒီအိမ်ကို မျက်စိကျနေတာပေါ့။

တစ်ညမှာတော့ သန်းခေါင်ယံလောက်မှာ ဒေါ်စိမ့်အိမ်နား သူခိုးက ချဉ်းကပ်သွားသတဲ့။ ဒေါ်စိမ့်ကလဲ တစ်ရေးနိုးမျက်စိကြောင်နေလို့ အိပ်မပျော်ဘူး။ နိုးနေတာ။ အဲဒီအချိန်မှာ အိမ်နား ကပ်လာတဲ့ ခြေသံကြားရသတဲ့။

သူ့အိမ်က ရွာလယ်လမ်းဘေးဆိုတော့ လမ်းမှာ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့သူတွေများ အပေါ်အပါးသွားချင်လို့ လမ်းဘေးဆင်းလာတာလေလားဆိုပြီးတော့ စဉ်းစားမိတယ်။ ဒါနဲ့ ခြေသံက အိမ်နဲ့တဖြည်းဖြည်းနီးလာတယ်။ ဒီတော့ သူခိုးလား၊ လူကောင်းလားသေချာချင်တာနဲ့ ဒေါ်စိမ့်က လှမ်းမေးလိုက်တယ်။

"သာခိုလား" လို့။ သူခိုးက စဉ်းစားသတဲ့။ သာခိုဆိုတာ သူ့သားအမည် ထင်တယ်ပေါ့။ ခြေသံကြားလို့ သူ့သား ပွဲကပြန်လာတယ်မှတ်ပြီး မေးတာနေမှာပဲ။ အလိုက်အထိုက် ဟန်ဆောင်နေမှဆိုတွေးပြီး-

"အင်း" လို့ ဖြေလိုက်သတဲ့။ အဲဒီလိုဖြေရော ဒေါ်စိမ့်က

"သာခို....သာခို....လာကြပါ၊ ဖမ်းကြပါ၊ သာခို....သာခို"နဲ့ ငယ်သံပါအောင် အော်လိုက်သတဲ့။ အဲဒီတော့မှ သူခိုးဟာ-

"သာခိုလား" လို့မေးတာကို သဘောပေါက်ပြီး ပြေးရသတဲ့။

(ကြားဖူးနားဝ)

* * *



## နည်းနည်းတော့ လိုတာပဲ

တစ်ခါက စက်ရုံကြီးတစ်ရုံတွင် အလွန်စေ့စပ်သေချာပြီး အောက်လက်ဝန်ထမ်းများ လုပ်သမျှ ဟာကွက်ယိုကွက်ရှာ၍ ထောက်ပြပြောဆိုလေ့ရှိသော မန်နေဂျာကြီးတစ်ယောက် ရှိလေသည်။

တစ်ရက်တွင် မန်နေဂျာကြီးသည် စက်ရုံတွင် လှည့်လည်ကြည့်ရှုရင်း တွင်ခုံဌာနသို့ရောက်လာသည်။

"ဒီဟာတွေက အရစ်ချတာ အစသိမ်းပုံ မသေသပ်ဘူး။ ဟာ-- ဒီကွင်းတွေကလည်း ကြမ်းနေပါလား။ ကျောက်စက်သမားသတိ ထားပါ။ ပြစမ်း ဟိုဘက်ဝင်ရိုး။ ဒီလို လေခိုပေါက်တွေပါနေလို့ ဘယ်ဖြစ်မှာလဲ။ ပန်းပဲဌာနကို သတိပေး"



www.burmeseclassic.com

www.burmeseclassic.com

# နည်းနည်းတော့လိုတာပဲ





ကြည့်ကြည့်သမျှ မကျေမနပ်ဖြစ်နေလေသည်။ ဝန်ထမ်းများမှာ မည်မျှကောင်းအောင်ပင် လုပ်ထားထား အပြစ်ပြောခြင်းခံနေရ၍ မကျေမနပ်ဖြစ်ကာ နေလေသည်။ မန်နေဂျာကြီးကလည်း–

"မင်းတို့ အပြစ်ကင်းအောင်လုပ်ထားရင် ငါက လေကုန်ခံပြီး ဆူနေစရာမလိုဘူး" ဟု ဆိုလေသည်။ ထိုစဉ် ခပ်ရွှတ်ရွှတ် အရာရှိငယ်တစ်ဦးက နိုင်ငံခြားဖြစ် နမူနာ(မှုရင်း) ပစ္စည်းကို ထုတ်ပြပြီး–

"ဆရာ ဒါလေးရော" ဟု မေးလေသည်။ မန်နေဂျာသည် နမူနာ(မှုရင်း)ပစ္စည်း ကို သေသေချာချာကြည့်ပြီး–

"ရှတ်တရက်ကြည့်ရင် အပြစ်ကင်းတယ်လို့ ထင်ရပေမယ့် နည်းနည်းတော့လိုသေးတာပဲ" ဟု ပြောလိုက်လေသည်။

(ကြားဖူးနားဝ)

* * *



www.burmeseclassic.com

www.burmeseclassic.com

# တီးလုံးမဆုံးလို့



## တီးလုံးမဆုံးလို့

တစ်ခါက မန္တလေးမြို့တွင် ကိုအေးဆိုသူ ရှိလေသည်။ ကိုအေးသည် အရာရာကို စပ်စုတတ်သည်။ တစ်ရက်တွင် သူ့ညီဖြစ်သူက ကားတစ်စီးဝယ်လာ၏။ ကိုအေးက

"မင်းကား ခဏပေးစမ်း၊ ငါမောင်းကြည့်စမ်းမယ်" ဟုဆိုကာ ကားကိုယူ၍ မောင်းသွားလေသည်။ အတော်ကြာမှ ပြန်ရောက်လာရာ ကားမှာ နောက်မီးခွက်ကွဲလာသည်ကို တွေ့ရလေ၏။

"ဘယ်လိုဖြစ်လာတာလဲ။ နောက်ကဝင်တိုက်တာ ခံလိုက်ရလို့လား"

"မဟုတ်ပါဘူးကွာ။ ငါနောက်ဆုတ်ရင်း ကွမ်းယာဆိုင်ဝင်တိုက်မိတာပါ"

"အဓိပ္ပာယ်မရှိတာ အစ်ကိုရာ။ အစ်ကိုကားမောင်းလာတာပဲ နှစ်သုံးဆယ်ကျော်ပဲ"

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းမကျွမ်းလို့ မဟုတ်ဘူးကွ။ နောက်ဆုတ်ရင် တီ တီ တီ မြည်တဲ့တီးလုံးကြောင့်"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ တီးလုံးအတောက မဆုံးတော့ ဘယ်လောက်ရှည်သလဲသိချင်တာနဲ့ နောက်ဆုတ်ရင်း ဆုတ်ရင်း ကွမ်းယာဆိုင်ဝင်တိုက်မိတာလေ။ ဒါတောင် မဆုံးသေးဘူး။ နည်းနည်းကျန်သေးတယ် မှတ်တာပဲ" ဟု ဖြေလိုက်လေသတည်း။

* * *



## ဆရာကြီး၏ ညွှန်ကြားချက်

တစ်ခါက မြို့ကြီးတစ်မြို့တွင် အရာရှိကြီးတစ်ဦး၏ မိခင်နေမကောင်း၍ ဆေးရုံသို့တင်ရလေသည်။ ထိုအချိန် ဆေးရုံမှာ အကြီးဆုံးဆရာဝန်ကြီးမှာ ဆေးရုံတွင် မရှိပေ။

ဆရာဝန်လေးများနှင့် သူနာပြုဆရာမကြီးများသည် လူနာကို အတတ်နိုင်ဆုံး ပြုစုကာသ စစ်ဆေးပေးကြရလေသည်။

ဆရာဝန်ကြီးနှင့် အရာရှိကြီးမှာ ညနေစောင်းမှ ဆေးရုံသို့ ပြိုင်တူရောက်လာကြလေသည်။ ထိုအခါ ဆရာဝန်ကြီးက–

"ဆီးစစ်ပြီးပြီလား"

"ပြီးပါပြီ"

"စစ်ပြီးပါပြီ"

"ဆေးသွင်းဖို့"

"သွင်းပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရောဂါနှင့်ပတ်သက်၍ ဆရာဝန်လေးတို့မှာ လိုလေသေး မရှိအောင် လုပ်ထားကြောင်း တွေ့ရလေသည်။ ဆရာဝန်ကြီးမှာ အရာရှိကြီးရှေ့တွင် မည်သို့ဂရုစိုက်ပြရမှန်း မသိသောကြောင့် နောက်ဆုံးတွင် လူနာအိပ်နေသော ကုတင်ကို လက်နှင့်ဖိကြည့် လိုက်ပြီး–

"ဟိုဘက်ကုတင် ပြောင်းပေးလိုက်ပါ။ ဟိုဘက်ကုတင်က ပိုကောင်းတယ်" ဟု လမ်းညွှန်လိုက်လေသတည်း။

(ကြားဖူးနားဝ)

* * *



# ဆရာကြီး၏ညွှန်ကြားချ



www.burmeseclassic.com

www.burmeseclassic.com

# လေးစားလိုက်ပုံက




## လေးစားလိုက်ပုံက

တစ်ခါက မြို့လေးတစ်မြို့မှာ ကိုသာစိန်ဆိုတဲ့လူက စာအုပ်ဆိုင်လေးဖွင့်တယ်။ စာအုပ်ဆိုင်ရဲ့နာမည်ကတော့ 'ဦးလည်မသုံ' စာအုပ်ဆိုင်တဲ့။ သူ့စာအုပ်ဆိုင်ကို စာအုပ်တွေပို့ပေးဖို့၊ ပေးပို့တဲ့ စာအုပ်များကို မှန်မှန်ကန်ကန် ရှေးယူမှာဖြစ်ကြောင်း ရန်ကုန်က စာပေတိုက်ကြီးတွေဆီ အမှာစာတွေပို့သတဲ့။

အမှာစာတွေပို့ပြီး အတော်ကြာတော့ စာတွေပြန်လာတယ်။ သူတို့စာပေတိုက်တွက် ထွက်တဲ့စာအုပ်စာရင်းတွေ၊ လိုအပ်တဲ့ စာအုပ်အတိအကျမှာဖို့တွေပေါ့။ ကိုသာစိန်ဟာ ပြန်လာတဲ့စာကို ဖတ်ပြီး အတော်ကသိကအောင့် ဖြစ်နေသတဲ့။ သူ့ဘေးမှာ ထိုင်နေတဲ့ သူ့သူငယ်ချင်းက

"မင်းမျက်နှာက ဘာဖြစ်နေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



"စာပေတိုက်က လေးလေးစားစား ပြန်လိုက်တဲ့ စာကို ဖတ်ပြီး စိတ်ညစ်နေတာပါကွာ"

"လေးစားတာပဲ စိတ်ညစ်ရသလားကွာ"

အဲဒီတင် ကိုသာစိန်က သူ့လက်တဲကစာကို သူ့သူငယ်ချင်း လက်ထဲကို ထိုးပေးရင်း-

"သူတို့လေးစားပုံကို ဖတ်ကြည့်စမ်းပါဦး"လို့ ပြောလိုက်တယ်။ စာရဲ့အစမှာ ရေးထားတာက

"ဦးလည် ဒေါ်သုံ ခင်ဗျား...." တဲ့။

* * *



## နားထောင်လိုက်ပုံ

တစ်ခါက ရွာတစ်ရွာတွင် ကိုထွန်းစိန်ဆိုသူရှိလေ၏။ ကိုထွန်းစိန်မှာ မိန်းမနှင့် ကလေးငါးယောက်ရှိသည်။ သူ့အလုပ်အကိုင်မှာ ကြုံရာကျဘမ်းဖြစ်လေသည်။ မိသားစု စားအိုးကြီးသောကြောင့် ဇနီးဖြစ်သူပါ ဈေးရောင်းရ၏။ သူ့ဇနီး မငွေဥမှာ ကိုယ်ဝန်ကြီးနှင့်ဖြစ်သည်။ ထို့ကြောင့် ရင်းနှီးသူများက

"ထွန်းစိန်ရာ မင်းကလေးမယူပါနဲ့တော့။ စီးပွားရေးက ပြေလည်တာ မဟုတ်ဘဲနဲ့"

"အလိုက်အထိုက် ဖြစ်သွားမှာပါဗျာ"

"ဟာ-မိဘတာဝန်၊ လင်သားတာဝန် ကျေမှပေါ့ကွ၊ အဲဒီတာဝန်တွေ မကျေနိုင်ဘဲ ကလေးတွေများနေတော့ ဘယ်ဟုတ်ပါ့



www.burmeseclassic.com

www.burmeseclassic.com

# အားတော်လိုက်ပုံက





မလဲ။ ကလေးတွေရဲ့ ပညာရေးက ရှိသေးတယ်”

“ကျုပ်က ခုနစ်ယောက် ပြည့်အောင် မွေးရမှာဗျ”

“ဘာလို့လဲ”

“ကျုပ်အမေက ကျုပ်တို့မောင်နှမ ခုနစ်ယောက်မွေးခဲ့ တာဗျ။ မင်းလဲ ခုနစ်ယောက်ပြည့်အောင် ကလေးယူလို့ အမေက ပြောထားလို့” ထိုသို့ ပြန်ပြောလေ့ရှိသည်။

ပြောသည့်အတိုင်းလည်း ကလေးခုနစ်ယောက်ပြည့်အောင် ယူသည်။ တစ်ရက်တွင်မူ အရက် မူး၍ရန်ဖြစ်ရာမှ အချုပ်ခံရလေတော့သည်။ သားဖြစ်သူ အချုပ်ခံရသည်ဟု ကြားသောအခါ မိခင်ဖြစ်သူက--

“မိုက်လှချည်လား ငါ့သားရယ်။ ကလေးခုနစ်ယောက် ယူရမယ်ဆိုတဲ့ အမေ့စကားကျ နားထောင်ပြီး အရက်မသောက်ပါနဲ့ ဆိုတဲ့ အမေ့စကားတော့ နားမထောင်ဘူးနော်” ဟု အော်လိုက်လေသည်။


* * *



www.burmeseclassic.com

www.burmeseclassic.com

# မကြောက်တဲ့သူ



## မကြောက်တဲ့သူ

တစ်ခါက ဦးညိုကြီးဆိုသူရှိသည်။ ဦးညိုကြီးမှာ ခပ်တည်တည်နှင့် အဟိန်းအဟောက် အခြိမ်းအခြောက် အလွန်လုပ်လေ့ရှိသည်။ သူခြောက်လျှင်လည်း ကြောက်သွားကြသည်ချည်းဖြစ်၏။

တစ်ရက်တွင် ဦးညိုကြီးသည် သူ့သူငယ်ချင်းများဖြစ်ကြသော ကိုရွှေမန်း၊ ကိုထွန်းအောင်တို့နှင့် အရက်သောက်နေစဉ် သူတို့၏ နောက်စားပွဲမှာ လူငါးယောက်ခန့် ရောက်လာကြသည်။ ထိုလူများကလည်း အရက်မှာ၍သောက်ရင်း–

“ရှမ်းကြီးသိုင်းနဲ့ ရှမ်းလေးသိုင်းက အကွက်ကျဲနဲ့ အကွက်စိပ်ပဲ။ ဂျူဒိုက အဖမ်းအချုပ် အကိုင်အပေါက်ကို အားပြုတယ်။ ကရာတေးက အခုတ်အကန်အဓိက၊ လက်ဝှေ့ကျတော့ အထိုး



www.burmeseclassic.com

www.burmeseclassic.com



အရောင်၊ ငါမင်းတို့ကို သင်ပေးနေတာက အဲဒီကိုယ်ခံပညာတွေထဲက ကောင်းကွက်တွေကိုစုထားတာ။ တစ်နည်းအားဖြင့်တော့ သိုင်းပြောင်းပြန်ပေါ့ကွာ”

ဟု အစချီကာ ကိုယ်ခံပညာအကြောင်းများကို ပြောနေလေသည်။ ထိုစဉ် ဦးညိုကြီးက ဖန်ခွက်နှင့်နောက်မှ ပစ်ပေါက်လိုက်ရာ သိုင်းဆရာ၏ ခေါင်းအား ထောင်းကနဲ ထိမှန်သွားလေသည်။

“ကဲ-အဲသလို နောက်က ကောက်ပေါက်တော့ ဘယ်လိုလုပ်မလဲ”

သိုင်းဆရာက နောက်သို့လှည့်ကြည့်သည်။

“မှတ်ထား၊ ဂျွန်နီညိုကြီးဆိုတာ ငါပဲ။ သိုင်းပညာ မစုံသေးဘဲ လူထုထဲမှာ သိုင်းအကြောင်းမပြောရဘူး။ ဒါပညာပေးခဲ့တာ။ ငါဒီကနေ့ ကျောပေးပြီး ထွက်သွားမယ်။ မင်းတို့ထဲက သတ္တိရှိတဲ့သူ ပညာစမ်းချင်ရင် ထရိုက်လိုက်။ ခုတ်ချင်သလား ခုတ်။ ကြိုတော့ ပြောထားမယ်နော်။ ငါ့အပေါ်ကျမယ့် ရိုက်ချက်ဟာ မင်းတို့အပေါ်တော့ ပြန်ရောက်သွားမှာပဲ”

ထိုသို့ပြောပြီး-

“ကဲ ရွှေမန်းနဲ့ ထွန်းအောင် မင်းတို့ရှေ့ကထွက်”ဟု ဆိုကာ ရှေ့မှထွက်ခိုင်းသည်။ ဦးညိုကြီး နောက်မှလိုက်သည်။ မည်သူမျှ ပညာမစမ်းရဲ။ ဦးညိုကြီးက-





“ငါဘယ်နေရာဖြစ်ဖြစ် ဟိန်းရဲဟောက်ရဲတာ ကိုယ်ခံပညာတတ်ထားလို့ကွ။ ဒါဘယ်သူမှမသိဘူး။ မင်းတို့သာ ကြုံလိုက်လို့သိရတာ”ဟု ပြောလေသည်။

သို့ဖြင့် အိမ်ရောက်သောအခါ ကိုရွှေမန်းက ဦးညိုကြီးမိန်းမအား ထိုအကြောင်းပြန်ပြောပြလေသည်။

“ဦးညိုကြီး ပညာတတ်မှန်း ဒီနေ့မှ သိတယ်ဗျာ။ အကုန်ငြိမ်နေတာပဲ။ ဘယ်သူမှ မလှုပ်ရဲဘူး”

ထိုအခါ ဦးညိုကြီးမိန်းမက-

“ဟင်-တော်က ဘာပညာတတ်လို့ သွားဟောက်ရတာလဲ။ တော့်ကို ဒီလိုရိုက်လိုက်တော့ ဘယ်လိုရှောင်မှာလဲ”

“ခွပ်”

ပြောပြောဆိုဆို အနားမှာရှိသော သနပ်ခါးတုံးနှင့် ကောက်ရိုက်လိုက်ရာ ဦးညိုကြီး ခေါင်းပေါက်သွားလေသည်။


* * *



www.burmeseclassic.com

www.burmeseclassic.com

# တစ်ယောက်လို



## တစ်ယောက်လို

မြို့ကလေးတစ်မြို့မှာ ကားဂိတ်တစ်ခုရှိတယ်။ အဲဒီကားဂိတ်က မြို့လေးနဲ့ မနီးမဝေးကရွာတွေဆီကို လိုင်းပြေးတဲ့ကားတွေ စုပြီး လုပ်ထားတဲ့ ဂိတ်ပေါ့။

အဲဒီမှာ မြို့လာဈေးဝယ်တဲ့ ရွာကလူတွေ ကားပေါ်ရောက်ပြီဆိုရင် ကားက တော်တော်နဲ့မထွက်ဘူး။ ဈေးဝယ်ပြန်ချိန်ဆို ခရီးသည်များများ ရနိုင်တာကိုး။ တစ်ရက်မှာတော့ ကားကလူပြည့်နေပြီ။ စပယ်ယာက ကားနောက်မြီးကရပ်ပြီး ဆေးလိပ်ဖွာ နေတယ်။ ခရီးသည်တွေက ---

"မထွက်သေးဘူးလား"

"တစ်ယောက်လိုနေလို့"

စိန်စိန်ဦး၊ စာသုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အချိန်က နောက်ကျနေပြီ"

"တစ်ယောက်လိုလို့ပါဗျာ"

"လူပြည့်နေပြီတော့၊ ဘယ်နားသွားတင်မှာလဲ။ ကဲ-အဲဒီ လိုနေတဲ့ တစ်ယောက်အတွက် ကျုပ်ပေးမယ်။ ထွက်တော့"လို့ အော်တယ်။

အဲဒီတော့ စပယ်ယာက မျက်စောင်းထိုးကြည့်ပြီး

"လိုတဲ့တစ်ယောက်က ဒရိုင်ဘာဗျ၊ ဒရိုင်ဘာ" လို့ ပြန်အော်လိုက်သတဲ့။

* * *



## မြစ်တော့မြစ်မယ်

တစ်ခါက မြို့တစ်မြို့မှာ အရက်ပုန်းရောင်း၊ ကစားဝိုင်းထောင်၊ ခိုးရာပါပစ္စည်းဝယ်၊ ငွေတိုးချေးနဲ့ ကြီးပွားချမ်းသာလာတဲ့ လူတစ်ယောက်ရှိသတဲ့။

"ခင်ဗျား ငွေငါးရာချေးထားတာ ပြန်ဆပ်ပါ"

"မရှိသေးလို့ပါ"

"မရှိရင် အတိုးပေးပါ"

"အတိုးပေးစရာကို မရှိသေးလို့ပါ"

"ဒါဖြင့် ခင်ဗျားစက်ဘီးသိမ်းမယ်"

"စဉ်းစားပါဦးဗျာ။ ကျုပ် ခင်ဗျားကို ပေးပြီးသားအတိုး ရှစ်ရာတောင်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

# မြန်တော့မြန်မယ်





"မရဘူး။ ဒီလအတွက် အတိုးရှစ်ဆယ်ပေးမှ စက်ဘီးပြန်ယူ" ဆိုပြီး သိမ်းသတဲ့။

အဲသလိုလူ။ သူက တစ်ရက်မှာတော့ အလှူပေးရော။ ပေးတော့ အရပ်သားတွေက စားသောက်ပြီးပြောသတဲ့။

"ခုလိုလှူတဲ့အတွက် နတ်ပြည်ရောက်ပါ့မလား"

"ရောက်မှာပေါ့"

"သူက လူတွေကို နှိပ်စက်ထားတာကြာပြီ"

"ကြာလည်း ရောက်မှာပဲ။ နတ်ပြည်မှာတော့ သွားဖြစ်မယ်။ နတ်သားတော့ ဖြစ်မှာမဟုတ်ဘူး။ နတ်သမီးပဲ ဖြစ်မယ်" လို့ ပြောလိုက်သတဲ့။

(ကြားဖူးနားဝ)

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကြာပြီ



## ကြာပြီ

တစ်ခါက ကိုအုံ့စိန်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက သူ့ မိန်းမကို စိတ်ပျက်တဲ့အကြောင်း အလွန်ပြောလေ့ရှိတယ်။

"စိတ်ပျက်တယ်ဗျာ။ ကြာကြာပေါင်းကြည့်မှ အသိဉာဏ် နည်းမှန်းသိရတယ်။ အတူနေချင်စိတ်ကို မရှိတော့ဘူး"

"ဟုတ်လား"

"တကယ်ပါဗျာ။ ပြီးခဲ့တဲ့လကဆို တစ်ယောက်တည်း ထွက်သွားဖို့တောင် စိတ်ကူးမိတယ်"

"ခင်ဗျား အိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲ"

"ဆယ်နှစ်။ စိတ်ပျက်တာလဲကြာပြီဗျ။ ကိုးနှစ်နဲ့ ခြောက်လ ရှိပြီ။ ရပြီး ခြောက်လလောက်ကတည်းက စိတ်ပျက်တာ"လို့

စိန်စိန်ဦးတာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ ဒီတော့-

"ခင်ဗျား ကျွန်တော့်မမီသေးပါဘူး"

"ဗျာ....ခင်ဗျားက လူပျိုကြီးမဟုတ်ဘူးလား"

"ဟုတ်တယ်လေ။ စေ့စပ်ပြီးတာနဲ့ စိတ်ပျက်လို့ စေ့စပ်တာဖျက်သိမ်းခဲ့တာ ဆယ့်ငါးနှစ်ရှိပြီ" လို့ ပြောလိုက်သတဲ့။

(ကြားဖူးနားဝ)

*　　*　　*



## ဒေါ်ကြွားစိန်

တစ်ခါက ဒေါ်ကြွားစိန်ဆိုတဲ့ မိန်းမကြီးတစ်ယောက် ရှိတယ်။ သူက ကြွားတတ်လွန်းလို့ သူ့ကို ဒေါ်ကြွားစိန်လို့ပဲ ခေါ်ကြတယ်။ သူက လူစုစုထိုင်မိတဲ့နေရာဆို ရောက်လာပြီး ကြွားတော့တာပဲ။ ကြွားစရာမရှိ ကြံဖန်ကြွားတတ်တယ်။

"ဟိုနေ့က သုံးဆယ့်ငါးသိန်းပေါက်သွားတဲ့ ဦးလွန်းမောင်ဆိုတာ သိလား"

"ဒေါ်စိန်နဲ့ ဘာတော်လဲ"

"မတော်ပါဘူး။ အဲဒါ တို့အရပ်ထဲက"

"အော်-- အော်"

"ဟိုလမ်းထိပ်က နိုင်ငံခြားသွားတဲ့ ဆရာဝန်လေးမှ ပြန်လာပြီ။ မနေ့က အိမ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ကြွားစိန်





“ဒေါ်စိန်တို့ အသိလား”

“မသိပါဘူး။ အိမ်ကအဘိုးကြီး နေမကောင်းလို့ ဆေးကုဖို့ ပင့်တာ”

အဲသလို ကြဲဖန်ကြွားတာ ဂုဏ်ယူစရာလူမှန်သမျှ သူ့အမျိုး ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အသိတို့၊ ပတ်သက်တဲ့လူတို့ပဲ။

တစ်ရက်မှာတော့ ဒေါ်ကြွားစိန်ဟာ လူစုံစုံ လက်ဖက်ရည် ကြမ်းဝိုင်းမှာ ထိုင်နေတုန်း နွမ်းနွမ်းပါးပါးနဲ့ ပလတ်စတစ်ကောက် တဲ့ ကလေးတစ်ယောက်က နှုတ်ဆက်တယ်။

“ဒေါ်ဒေါ်စိန်”

ဒေါ်ကြွားစိန်က တစ်ချက်ကြည့်ပြီး မသိသလိုနေတယ်။ ဒီတော့ ဘေးကမေးတာပေါ့။

“ဒေါ်စိန် အသိမဟုတ်ဘူးလား”

“မဟုတ်ပါဘူး”

အဲဒီလိုလဲ ပြောရော ပလတ်စတစ်ကောက်တဲ့ကလေး ပြော လိုက်တာကြောင့် ဒေါ်ကြွားစိန်ထွက်ပြေးရသတဲ့။ ကလေးပြော လိုက်တာက–

“ကျွန်တော် ဒေါ်ဒေါ်တူလေ။ ဒေါ်ဒေါ်စိန်မောင် ကိုဝင်းထိန် ရဲ့သားပါ” တဲ့

* * *



www.burmeseclassic.com

www.burmeseclassic.com



# အဲဒါကြောင့်



## အဲဒါကြောင့်

တစ်ခါက ဦးသာကျော် ဒေါ်စိန်စုဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ်။ အသက်ခြောက်ဆယ်ကျော်တွေပေါ့။ ဒေါ်စိန်စုက ရပ်ကွက်ထဲမှာလှည့်ပြီး ဟင်းစုံချက်ရောင်းတယ်။ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်ဖြူနီ။ ဦးသာကျော်ကတော့ ဘာမှအလုပ်မရှိဘူး။ ဒေါ်စိန်စု ဈေးရောင်းတဲ့နောက်ကလိုက်ပြီး ဈေးဦးပေါက်ပိုက်ဆံရတာနဲ့ လက်ဖက်ရည်ဖိုးတောင်းပြီး လက်ဖက်ရည်ဆိုင် သွားထိုင်တော့တာပဲ။

တစ်ရက်မှာတော့ ဒေါ်စိန်စုက ဈေးရောင်းလို့မကောင်း၊ ရောင်းရသလောက်က အကြွေးချဉ်းဖြစ်နေလို့ စိတ်တိုနေတုန်း ဦးသာကျော်က လက်ဖက်ရည်ဖိုးတောင်းတော့ "တော်ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ငတ်နေရသလား”ဆိုပြီး အော်လွှတ်သတဲ့။ ဦးသာကျော်ကလည်း ဝိုက်ဆာဆာနဲ့ စိတ်တိုနေတုန်းဆိုတော့ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်ပြီး သူ့အိမ်မှာရှိတဲ့ ဒန်အိုးတွေ၊ ပန်းကန်ပြားတွေကို အရပ်ထဲက အိမ်တစ်အိမ်မှာ ဈေးပေါပေါနဲ့ သွားရောင်းသတဲ့။

ပြီးတော့မှ အဲဒီရောင်းရတဲ့ ပိုက်ဆံနဲ့ လက်ဖက်ရည်ဆိုင် လာထိုင်တယ်။ သူ့ဆီက အိုးတွေ၊ ပန်းကန်တွေ ဝယ်ထားလိုက်တဲ့ သူကလည်း လက်ဖက်ရည်ဆိုင်လာတော့ ဆုံနေကြတာပေါ့။ အဲဒီ တော့ ဟိုလူက ဦးသာကျော်ကို စချင် နောက်ချင်တာနဲ့---

“ဦးသာကျော်ကြီး သူ့မိန်းမက လက်ဖက်ရည်ဖိုးမပေးလို့ ကျုပ်ဆီလာပြီး အိုးတစ်လုံးနဲ့ ပန်းကန်ပြားနှစ်ချပ် ရောင်းသွားရ တယ်” လို့ ပြောသတဲ့။

လူတွေ ဝိုင်းကြည့်ပြီး ရယ်ကြတာပေါ့။ ဒီတော့ ဦးသာကျော်က

“အဲဒီပန်းကန်ဆေးမလို့လုပ်တုန်း ခွေးသေးပန်းသွားလို့ ရောင်းပစ်တာ” လို့ ပြန်ပြောလိုက်သတဲ့။

* * *



## ဒေါ်လာနဲ့ပဲရောင်းတော့မယ်

တစ်ခါက မြို့ကလူတစ်ယောက်ဟာ မြို့နဲ့ ဆယ်မိုင်လောက် ဝေးတဲ့ တမာကုန်းဆိုတဲ့ရွာလေးကို ရောက်လာတယ်။ စပါးဝယ် လာရင်းဆိုပါတော့။ ရွာထိပ်ကိုရောက်တော့ ကိုဖိုးလူရဲ့တဲကို ဝင်လိုက်တယ်။ စပါးရနိုင် မရနိုင် စုံစမ်းချင်တာကိုး။ ကိုဖိုးလူက မြို့ကဧည့်သည်ကိုကြည့်ပြီး

“ဘာကိစ္စရှိလို့ပါလိမ့်”

“ခဏဝင်ထိုင်မယ်နော်”

“ထိုင်ပါ ထိုင်ပါ။ မောလာရင် ရေနွေးသောက်လေ”

ဧည့်သည်က ရေနွေးကိုငှဲ့သောက်ပြီး

“ဒီရွာမှာ စပါးဝယ်လို့ရသလား”

“ရပါတယ်ဗျာ။ မရောင်းရသေးတာတွေရှိပါ”

“ခင်ဗျားဆီမှာရော ရှိလား”

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်လာနဲ့ပဲကျောင်းတော့တယ်





"ရှိပါ"

"ရောင်းမှာလား"

"ရောင်းမှာပေါ့"

"ဘယ်လောက်ရှိလဲ"

"တင်းရှစ်ရာလောက်တော့ရှိပါတယ်"

"ဘယ်ဈေးရောင်းမှာလဲ"

" အဲဒါကတော့ ဒေါ်လာနဲ့ပဲ စကားပြောရမှာပဲ"

"ဗျာ"

"ဒေါ်လာနဲ့ပဲ စကားပြောရမယ်လို့ပြောတာပါ။ ကြာပြီ။ အရောင်းအဝယ်ကိစ္စဆို ဒေါ်လာနဲ့ပဲလုပ်နေတာ" မြို့ကလူဟာ တော်တော်အံ့သြသွားတယ်။

"တခြားသူတွေဆီမှာရော ရှိသလား"

"ရှိပါ့ဗျာ။ အဲဒါတွေလည်း ဒေါ်လာနဲ့ လိုက်ဝယ်ရင် ရနိုင်ပါတယ်"

မြို့ကလူဟာ စိတ်ညစ်သွားပြီး ထပြန်မယ်လုပ်တယ်။ ဒီတော့ ကိုဖိုးလူက–

"ပြန်တော့မလို့လား။ ဟိုမယ် ကျုပ်သားဒေါ်လာ လာနေပြီ" လို့ ပြောလိုက်သတဲ့။ ဒီတော့မှ မြို့ကလူဟာ ပြုံးနိုင်တော့တယ်။ ဒေါ်လာဆိုတာ သူ့သားကိုး....လို့။


* * *



www.burmeseclassic.com

www.burmeseclassic.com

# မုတ်ဆိတ် . ၅ . ကျပ်



## မုတ်ဆိတ်ငါးကျပ်

တစ်ခါက မြို့တစ်မြို့မှာ ဆံပင်ညှပ်ဈေးနှုန်းတွေ သိပ်ကြီးနေသတဲ့။ ဈေးကြီးတဲ့အတွက် ညှပ်ပြီးမှ များတယ်ကွ၊ အရင်တစ်ဆယ်ပေးရတာ၊ ဆယ့်ငါးကျပ်ပေးရတာနဲ့ ညှပ်တဲ့လူနဲ့ အညှပ်ခံရတဲ့လူ ခဏခဏစကားများရတယ်။ ဒါနဲ့ ဆံပင်ညှပ်ဆိုင်တော်တောများများဟာ ဆံသဈေးနှုန်းကို ရေးချိတ်ထားကြတယ်။

**ဆံသဈေးနှုန်း:-**

| | |
|---|---|
| လူကြီး | ၂၅ |
| ကလေး | ၁၅ |
| ဂျပန်ဆံတောက် | ၁၅ |
| ကတုံး | ၅ |

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ် ဦ ဆိုပြီးတော့။ လူတစ်ယောက်က ဆိုင်းဘုတ်ကို သေသေ ချာချာဖတ်ကြည့်ပြီး---

"ဆံပင်ညှပ်မယ်ကွာ"

"ဟုတ်ကဲ့"

ဆံပင်ဝင်ညှပ်သတဲ့။ ပြီးတော့ ငါးကျပ်ထုတ်ပေးတယ်။

"ဆံပင်ညှပ်တာ နှစ်ဆယ့်ငါးကျပ်ပါ"

"မင်းတို့ဆိုင်းဘုတ်ရေးထားတာ မုတ်ဆိတ်ငါးကျပ်ဆို"

"ဟုတ်ပါတယ်။ မုတ်ဆိတ်ရိတ်ရင် ငါးကျပ်ပါ"

"ဟ-မင်းတို့ အဲသလိုရှင်းအောင် ရေးပါလားကွ။ ခုတော့ မုတ်ဆိတ်ငါးကျပ်ဆိုလို့ ငါကဝင်ညှပ်တာ။ ငါ့နာမည်က မုတ်ဆိတ်တဲ့ကွ။ ဒီမယ် မယုံရင် မှတ်ပုံတင်ကြည့်၊ ရော့ငါးကျပ်" ဆိုပြီး မုတ်ဆိတ်က မှတ်ပုံတင်ထုတ်ပြပြီး ထွက်သွား သတဲ့။

* * *



## မရိုင်းပါနဲ့

(ရုပ်ရှင်စိန်ရတု ဂုဏ်ပြုပုံပြင်)

တစ်ခါက မင်းသားကြီး (ဦး)ရွှေဘဟာ ဇာတ်ကားတွေ အများကြီးရိုက်ခဲ့ရတယ်။ သူ့ဇာတ်ကားတွေဟာ တောသူတောင်သား ကျေးလက်နေ ပြည်သူတွေနဲ့ မွဲတဲ့ ဇာတ်အိမ်ဇာတ်လမ်းမျိုးတွေ။ သူက တောသူတောင်သား ကျေးလက်ပြည်သူ့ဘက်က ရပ်တည်တဲ့ မင်းသား။ ဒီတော့ နယ်ပရိတ်သတ်က ပိုပြီး အားပေးတာပေါ့။


တစ်ရက်မှာ မြို့ကဘုရားဖူးအဖွဲ့တစ်ဖွဲ့ဟာ နယ်မြို့လေးကို ရောက်လာတယ်။ ကားကတစ်ညနားမှာဆိုတော့ လူငယ်ပိုင်းက ပျင်းတော့ ရုပ်ရှင်သွားကြည့်ကြသတဲ့။ ပြနေတာက ရွှေဘပါတဲ့ကား။



www.burmeseclassic.com

www.burmeseclassic.com

# မရိုင်းပါနဲ့ဗျ





ရွှေဘထွက်လာတာနဲ့ တစ်ရုံလုံးဆူညံနေအောင် လက်ခုပ်တီးကြသတဲ့။ ဒီတော့ မြို့ကလူတစ်ယောက်က ငါလဲအားပေးမှပဲ ဆိုပြီး----

"ရွှေဘကွ" လို့ အော်သတဲ့။

ဒီတော့ သူ့နောက်နားကလူက သူ့ကို ပခုံးပုတ်ပြီး---

"ဟေ့လူ မရိုင်းပါနဲ့ ကိုယ့်ထက်အကြီးဗျ။ ကိုရွှေဘလို့ ခေါ်ပါ" လို့ ပြောလိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com




## ကျော်ဆွေဘယ်နှစ်ယောက်ရှိသလဲ

(ရုပ်ရှင်စိန်ရတုအားဂုဏ်ပြုလျက်)

ရုပ်ရှင်မင်းသားကြီး (ဦး)ကျော်ဆွေ လျှမ်းလျှမ်းတောက် အောင်မြင်နေစဉ်က (ဦး)ကျော်ဆွေဟာ တစ်နှစ်မှ တစ်ကားပဲ ရိုက်ကူးလေ့ရှိတယ်။ မိုးရုပ်ရှင်ကနေပြီးတော့။ သူ့ကုမ္ပဏီပါပဲ။

(ဦး)ကျော်ဆွေရဲ့ ပရိသတ်တွေဟာ သူ့ကားရုံတင်မယ့် အချိန်ကို လည်ပင်းရှည်လောက်အောင် စောင့်မျှော်ကြည့်ကြရတယ်။ ရုံတင်ပြီဆိုရင်လည်း ပထမပတ် ရုံမပြည့်တဲ့ကားရယ်လို့ မရှိဘူး။

(ဦး)ကျော်ဆွေဟာ အမြဲခေတ်နဲ့အညီ (သူ့ခေတ်နဲ့သူ) ဦး ဆောင်နိုင်အောင် ကြိုးစားနေတယ်။ ဇာတ်လမ်း၊ ဇာတ်အိမ်၊ ဓါတ်ပုံ၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ အားလုံးကို နိုင်ငံတကာအဆင့်မီအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားတယ်။ ဒါကြောင့်လည်း ဇာတ်ကားသစ်ထွက်လာပြီဆိုရင်

"ယနေ့ကျော်ဆွေ"ဆိုတဲ့ စာတန်းဟာ အမြဲပါလေ့ရှိတယ်။ ဦးကြီးတစ်ယောက်က အဲဒီစာတန်းကိုဖတ်ပြီး ဘေးနားက သူ့တူကို "ကျော်ဆွေက ဘယ်နှစ်ယောက်ရှိတာလဲကွ။ ဟိုးအရင်က ကျော်ဆွေနဲ့ ဒီကျော်ဆွေ မတူဘူးလား"လို့ မေးလိုက်ပါတယ်။

* * *



## ရေပေါ်လမ်းလျှောက်နိုင်ပြီ

တစ်ခါက ရွာတစ်ရွာမှာ ကိုသာအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက အမြဲတမ်းယုတ္တိမရှိ လွန်လွန်ကဲကဲစကားတွေ ပြောတတ်တယ်။

"ငါနဒီချောင်းထဲမှာ မိကျောင်းတွေ့ခဲ့တယ်"

"ကိုသာအေးရာ ယုတ္တိမရှိတာ။ ရေမှ ခြေမျက်စိတောင် မမြုပ်တဲ့ချောင်းထဲမှာ"

"တွေ့ခဲ့လို့ တွေ့ခဲ့တယ်ပြောတာပေါ့ကွ"

"ဖွတ်နေမှာပါဗျာ"

"မိကျောင်းပါကွာ။ အမြီးက ခေါင်းထိဆို လေးပေလောက်ရှိတယ်။ ကျောရိုးမှာ ဆူးတောင်က နှစ်ဘက်ခွနေတာ"

"ကဲ ငွေတစ်ထောင်ကြေးလောင်းမယ်ဗျာ။ ခင်ဗျားရှုံးရင်



www.burmeseclassic.com

www.burmeseclassic.com

# ရေပေါ်လမ်းလျှောက်နိုင်ပြ





ငါးရာပဲပေး။ ခုသွားရှာမယ်"

"အို–မင်းတို့လို ကစားသမားမဟုတ်ဘူးကွ"

မခံချင်လို့ လောင်းမယ်ပြောရင် အဲသလိုလျှောချတတ်တယ်။ တစ်ရက်မှာလည်း လူစုံစုံရှိရာကို ရောက်လာပြီး

"မြို့ကရောက်လာတဲ့ ငါ့တူလေး ရေပေါ်လမ်းလျှောက်နိုင်တာ တစ်နှစ်လောက်ရှိပြီ" လို့ ပြောသတဲ့။ ကိုသာအေးအကြောင်း သိနေကြတော့ အခါတိုင်းလိုပဲ လောင်းမလားလို့ မေးတာပေါ့။ ဒီတော့....

"လောင်းမယ်။ ငွေစပ်လိုက်၊ ငါမင်းတို့ရှေ့တင် ရေပေါ်လမ်းလျှောက်ပြခိုင်းမယ်" လို့ ပြောတာပေါ့။

ဒီတော့ ငွေစပ်ပြီး ကိုသာအေးအိမ်ကို လိုက်သွားကြတယ်။ အိမ်လည်းရောက်ရော ကိုသာအေးက ငွေထုပ်ကို လှမ်းယူလိုက်ပြီး–

"ငါ့တူ ရေပေါ်လာစမ်း၊ လမ်းလျှောက်ပြလိုက်စမ်း" လို့ ခိုင်းလိုက်တယ်။ ကလေးတစ်ယောက်က လမ်းလျှောက်ထွက်လာတယ်။

"အဲဒါပဲ၊ ကျုပ်တူရေပေါ် လမ်းလျှောက်နိုင်တယ်ဆိုတာ ယုံပြီမဟုတ်လား" လို့ ပြောလိုက်သတဲ့။

သူ့တူနာမည်က ရေပေါ်ကိုး။

* * *

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# တော်လိုက်ပုံက



## တော်လိုက်ပုံက

တစ်ခါက ဦးသူရဲ့သား မောင်ပညာဆိုတဲ့ကလေးဟာ သိပ်ကိုတော်သတဲ့။ အလွန်ခက်ခဲတဲ့ ပုစ္ဆာတွေကို စိတ်တွက်နဲ့ တွက်နိုင်တယ်ဆိုပြီး နာမည်ကြီးနေတယ်။

တစ်ရက်မှာတော့ ဦးသူရဲ့မိတ်ဆွေ ဦးရဲရောက်လာတယ်။ ဦးရဲက–

"မင်းရဲ့သားက အလွန်တော်ဆို"

"တော်ပါတယ်"

"ငါမေးစမ်းကြည့်စမ်းမယ်"

"မေးမနေပါနဲ့ကွာ၊ မင်းက သူ့လောက်မှ မသိတာ"

"မဟုတ်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ငါသိသလောက်မေးမှာပေါ့"

"ကဲ ဒါဖြင့်လည်း မင်းသဘောပဲ"

အဲသလိုပြောလိုက်တော့ ဦးရဲက မောင်ပညာကို ခေါ်မေးသတဲ့။

"လာပါဦးကွ။ ဦးမင်းကို မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"လေးရအောင် ဘယ်လိုလုပ်ရသလဲ"

"မဟုတ်တာကွာ။ နှစ်နဲ့နှစ်ပေါင်းရင် လေးရတယ်။ သုံးနဲ့ တစ်ပေါင်းရင်လည်း လေးရတယ်။ ကဲ–နောက်ထပ် ဘယ်လိုများ လုပ်လို့ရသေးလဲ"

"ဦးလေးရယ် ငါးထဲက တစ်နုတ်လည်းရပါတယ်။ တစ်ဆယ်ထဲက ခြောက်နုတ်လည်း ရပါတယ်။ ထောင့်ငါးရာထဲက ထောင့်လေးရာကိုးဆယ့်ခြောက်နုတ်လည်း ရပါတယ်။ အများကြီးကိုရှိသေးတယ်" လို့ ဖြေလိုက်သတဲ့။

* * *



## လည်လိုက်ပုံက

တစ်ခါက ရွာတစ်ရွာမှာ ဖျံစိန်ဆိုတဲ့ လူလည်တစ်ယောက် ရှိတယ်။ သူ့ကို လူတိုင်းက ရှောင်ကြတယ်။ အလည်လုပ်လွန်းလို့ပေါ့။

"ဘယ်သွားမလို့လဲ"

"မင်းကဘာလုပ်မလို့လဲ"

"မေးတာပဲဗျာ။ မမေးရတော့ဘူးလား"

"ဟိုဘက်ရွာ"

"ဒါဆို ဟန်ကျတာပဲ။ လှည်းကြုံလိုက်ခဲ့ဦးမယ်" ဆိုပြီး လိုက်တဲ့လူစားမျိုး။ စားသောက်နေတာတွေ့ရင်လည်း....


"ဘာဟင်းတုန်း"



www.burmeseclassic.com

www.burmeseclassic.com

# လည်လိုက်ပုံက





"ငါး"

"မစားရတာကြာပြီဗျာ။ နည်းနည်းစားမယ်နော်။ ထမင်းလေး တစ်လုပ်နှစ်လုပ်စာနဲ့"

အဲသလို ဝင်စားတတ်တယ်။ တစ်ရက်မှာတော့ ဖျံစိန့်က အကြော်ဆိုင်ထဲဝင်ပြီး

"အဒေါ် အကြော်ကဘယ်လောက်လဲ"

"တစ်ခုနှစ်ကျပ်"

"ဟိုအချဉ်က"

"အချဉ်ကတော့ အလကားပေါ့ကွယ်"

"ဒါဖြင့် အချဉ်နည်းနည်းယူသွားမယ်နော်။ ထမင်းနဲ့ စားချင်လို့" ဆိုပြီး ပြောပြောဆိုဆို သွန်ယူသွားသတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အလိုက်ပုံက



## အ လိုက်ပုံက

တစ်ခါက မြို့ကြီးပြကြီးနဲ့ အလှမ်းဝေးတဲ့တောင်ခြေရွာလေးတစ်ရွာကို မြို့ကလူတစ်ယောက် ရောက်သွားတယ်။ သူလိုချင်တဲ့ တောထွက် ရှားပါးပစ္စည်းတွေဝယ်ဖို့ပေါ့။

ရောက်သွားတော့ အိမ်တစ်အိမ်မှာတည်းပြီး–

"ရေတော့ ဘယ်မှာချိုးရသလဲ",

"ချောင်းသွားချိုးရတယ်"

"ဒါဖြင့် လိုက်ပို့ပေးပါ"

"သွားတာပေါ့"

ဒီလိုနဲ့ ချောင်းကိုရောက်ရော။ ဒီတော့ လိုက်ပို့တဲ့လူကလည်း ရေချိုးသတဲ့။ ဧည့်သည်က သူ့မှာပါလာတဲ့ အမွှေးဆပ်ပြာကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့တဲ့သူပါ ပေးတိုက်သတဲ့။ သူကဆပ်ပြာတိုက်၊ ရေချိုးပြီးတော့ လိုက်ပို့တဲ့သူကိုကြည့်လိုက်တယ်။ အဲဒီလူကတော့ ဆပ်ပြာမြုပ်တွေနဲ့ ရေဆက်မချိုးတော့ဘူးတဲ့။

"ပြီးရင်ပြန်မယ်" လို့ ညွှန့်သည်ကို ပြောလိုက်တယ်။

ညွှန့်သည်က နားမလည်နိုင်ဘဲ ပြန်လာတယ်။ အိမ်လည်းရောက်ရော အဲဒီလူက–

"အဘရေ–မြို့ကလာတဲ့သူ အ လိုက်ပုံကတော့ မွေးနေတာတွေ ရေဆေးပစ်တယ်ဗျို့" လို့ ပြောလိုက်သတဲ့။

* * *



## ညံ့လိုက်ပုံကာ

တစ်ခါက ကိုတက်တူဟာ ရန်ကုန်မြို့ကြီးကို အလုပ်ကိစ္စတစ်ခုနဲ့ ရောက်သွားတယ်။ ရောက်သွားတော့ စတိုးဆိုင်တွေ၊ ကုန်တိုက်တွေကြည့်ပြီး ရွာအပြန်မှာတော့ ပစ္စည်းတွေ များများဝယ်ရမယ်ပေါ့။ ရွာကမှာလိုက်တာတွေကလည်း မနည်းဘူးကိုး။ အဲသလို ဝယ်ချင်တာနဲ့ပစ္စည်းတွေ လိုက်ကြည့်တယ်။

ကြည့်နေတုန်းမှာပဲ မိုးကပြုန်းဆိုရွာလိုက်တော့ ကဲ ကျန်တာတွေ နောက်မှဝယ်ရင်ဖြစ်တယ်။ လောလောဆယ်တော့ ထီးဝယ်ရမယ်ဆိုပြီး ထီးဝယ်ဆောင်းခဲ့သတဲ့။ ထီးဆောင်းပြီးထွက်လာတော့ သိပ်မကြာခင် မိုးတိတ်ရောဆိုပါတော့။ ဒီတော့ ထီးကို ပခုံးမှာချိတ်ပြီး တည်းခိုတဲ့ဆီပြန်လာတယ်။ တည်းခိုတဲ့ဆီရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးက ထီးကိုဖြုတ်လိုက်တော့ ထီးက အဟောင်းအစုတ်ကြီးဖြစ်နေသတဲ့။ လမ်းမှာ လူလိမ်လူရှုပ်က ထီးအကောင်းနဲ့ အဟောင်းလဲယူလိုက်တာကိုး။ ဒါကို ကိုတက်တူမသိဘူး။

သူပြန်ရမယ်ဆိုတော့ ဘာပစ္စည်းမှ ဝယ်မသွားတော့ဘူးတဲ့။ ရွာရောက်တော့

"ဟဲ့-တက်တူ၊ တို့မှာလိုက်တာတွေ မဝယ်ခဲ့ဘူးလား"

"မဝယ်ခဲ့ပါဘူး အရီးလေးရယ်။ မြို့ကပစ္စည်းတွေ ညံ့လိုက်ပုံက ကျုပ်ထီးဆို ခဏလေးဆောင်းလိုက်တာနဲ့ စုတ်ပြတ်သွားတာပဲ" လို့ ဖြေလိုက်သတဲ့။

* * *

# ညံ့လိုက်ပုံက



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ကြောလိုက်ပုံက



BURMESE CLASSIC .com

## ကြောလိုက်ပုံက

တစ်ခါက မောင်မောင်ဆိုတဲ့ လူငယ်တစ်ယောက်ရှိတယ်။ သူ့ကို ဘယ်သူကမေးမေး မြို့သစ်မှာနေတယ်လို့ပဲ ပြောတယ်။

"မင်းမြို့သစ်မှာဆို"

"ဟုတ်ပါတယ်"

အဲသလိုဖြေပေမယ့် သူ့ကို မန္တလေးမြို့ထဲမှာပဲ တွေ့နေရတယ်။ ဒီတော့ သူ့သူငယ်ချင်းတစ်ယောက်က

"မင်းမြို့သစ်မှာနေတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"မင်းမြို့သစ်နေကယ်သာဆိုတယ် မင်းကို မန္တလေးမှာပဲ တွေ့နေရတယ်။ တစ်လလောက်ရှိပြီ ဂါသတိထားကြည့်နေတာ"

"မြို့သစ်မှာနေတာပါ"

"မပြန်တာလား"

"ကားစောင့်နေတာပါ" လို့ ဖြေလိုက်သတဲ့။

* * *

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# စိုးရိမ်လို့ပါ



BURMESE CLASSIC .com

## စိုးရိမ်လို့ပါ

တစ်ခါက ပြင်ဦးလွင်မြို့မှာ ဦးဝင်းသိန်းဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူက ပြင်ဦးလွင်မှာလာပြီး ရုပ်ရှင်ရိုက်ကြတဲ့ မင်းသမီးတွေထဲက တစ်ယောက်ကို တော်တော်သဘောကျသတဲ့။ အဲဒီမင်းသမီးများ လာပြီးရုပ်ရှင်ရိုက်နေပြီဆိုလို့ကတော့ ဘယ်သူကမေးမေး–

"ကိုယ့်အမျိုးသမီးရောက်နေလို့" ဆိုပြီး ပြောရတာ အမော။

တစ်ရက်မှာတော့ အဲဒီမင်းသမီး ပြင်ဦးလွင်စတားမှာ ဆွယ်တာလာဝယ်တုန်း ပျော်တတ်တဲ့ ဦးဝင်းသိန်းအကြောင်း ပြောပြကြသတဲ့။ အဲဒီတော့ မင်းသမီးရဲ့အမေက သွားခေါ်ပေးစမ်းပါဆိုပြီး ပျော်တတ်တာကိုသဘောကျလို့ ခေါ်ခိုင်းပါလေရော။

ဒီတော့ ကလေးတစ်ယောက်က လာခေါ်တာပေါ့။

"ဦးဝင်းသိန်း၊ မင်းသမီးအမေက တွေ့ချင်လို့တဲ့"

"တော်ပါပြီကွာ"

"ခင်ဗျား တောင်ပြောမြောက်ပြော ခုကျတော့ မလိုက်ရဲဘူး မဟုတ်လား"


* * *

စိန်စိန်ဦး၊စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# အဆင်ပြေသွားပါပြီ



## အဆင်ပြေသွားပါပြီ

တစ်ခါက စက်ဘီးပြင်ဆိုင်ကို လူတစ်ယောက်လာပြီးတော့ စက်ဘီးပြင်သတဲ့။

"ချိန်းကြိုးက နင်းလိုက်ရင် ဒင်းဒင်းဒင်းဒင်း ဂျမ်းဂျမ်းဂျမ်း ဂျမ်းနဲ့ မြည်နေလို့"

စက်ဘီးပြင်ဆရာက သေသေချာချာကြည့်ပြီး-

"ချိန်းစားနေပြီ။ လဲပစ်ရမှာ"

"ပိုက်ဆံမရှိသေးဘူးဗျ။ ပြင်ကြည့်ပါဦး"

အဲဒါနဲ့ ချိန်းကြိုးကို ပြောင်းပြန်လှန်ထည့်ပြီး နင်းကြည့်။ အသံကမြည်တာပဲ။ အဆစ်တွေကို စိတ်ရှည်ရှည်နဲ့ တစ်ဝက်စီ လှည့်ပြီးတတ်ကြည့်။ နင်းလိုက်တော့ မြည်တာပဲ။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးဗျာ"

"ကဲ–ခင်ဗျားမရရင် ဟိုဖက်ဆိုင် သွားခိုင်းကြည့်ဦးမယ်" ဆိုပြီး ထွက်သွားတယ်။ ခဏကြာတော့ ပြန်ရောက်လာရော။ ဒီတော့ စက်ဘီးပြင်ဆရာက–

"ဘယ်နှယ့်လဲ ရရဲ့လား"

"အဆင်ပြေသွားပါပြီ"

"ပြောစမ်းပါဦး။ ဘယ်လိုလုပ်ပေးလိုက်တာလဲ။ တခြား စက်ဘီးတွေဖြစ်လာရင် ကြည့်ပေးရအောင်လို့"

"သူက ချိန်းကြိုးကို သေသေချာချာကြည့်ပြီး ဒီအသံတွေ မကြားချင်ဘူးမဟုတ်လားတဲ့။ ဟုတ်တယ်လို့ ပြောရော။ ရှုမယ် ဆိုပြီး ကျုပ်နားထဲကို ဂွမ်းဆို့ပေးလိုက်တယ်။ ဘာသံမှမကြားရ တော့ဘူး။ ဘီးပေါ်ကဆင်းမှ ဂွမ်းကိုထုတ်ထားလိုက်တာ။ ဘီးနင်း ကာနီး ဒီဂွမ်းပြန်ထည့်လိုက်ရုံပဲ။ အဆင်ပြေသွားပါပြီ" လို့ ပြောလိုက်တယ်။

* * *



## ဘကြီးတက်တူကြွားပုံက

မန္တလေးမြို့ရဲ့တောင်ပိုင်းမှာ ဘကြီးတက်တူဆိုတာ ရှိတယ်။ ဘတက်တူက အသက်ရှစ်ဆယ်ကျော်ပေမယ့် သူ့မြေးကို ကား မောင်းခိုင်းပြီး လက်ဖက်ရည်ဆိုင်တကာလှည့်ထိုင်တုန်း။ ဒါကြောင့် ဘတက်တူကို ထော်တော်များများက သိကြတယ်။ ဘတက်တူက ပျော်လည်း ပျော်တတ်တာကိုး။ စတိတ်ရှိုးဆိုလဲ ရှေ့ဆုံးက။ ကာရာအိုကေလဲတွေ့ရတာပဲ။

တစ်ရက်မှာတော့ သူ့မြေးက ကားနောက်ဆုတ်ရင် အချက် ပေးတဲ့–


"သတိ ကားနောက်ဆုတ်မယ်၊ သတိ ကားနောက်ဆုတ် မယ်"



www.burmeseclassic.com

www.burmeseclassic.com

# ဘကြီးတက္ကစီ ကားပွဲက





ထို ကိရိယာလေး ဝယ်တပ်လာပြီး သူ့အဘိုးကို–

"ဘ နှားထောင်ကြည့်"

"ဘာကိုလဲ"

မြေးက ကားကိုနောက်ဆုတ်ပြလိုက်တယ်။ ဘတက်တူက သေသေချာချာ နားထောင်ပြီး–

"ဟော့–ဘာတွေတပ်လာတာလဲ။ ဖြတ်စမ်း၊ ဖြတ်စမ်း"လို့ ခိုင်းသတဲ့။

"ဘာကိုလဲ ဘရဲ့"

"ဟာကွာ– ကျက်သရေမရှိ၊ နိမိတ်မရှိ။ သတိ ကားရောင်းတော့မယ်၊ သတိ ကားရောင်းတော့မယ်နဲ့" လို့ ပြန်ပြောလိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# သစ်ကိုင်းနဲ့မငြိစေနဲ့နော်



## သစ်ကိုင်းနဲ့ မငြိစေနဲ့နော်

တစ်ခါက ရွာတစ်ရွာမှာ ကိုသာအို မစိန်သော့ဆိုတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့။ မစိန်သော့က ကိုသာအိုကို အလွန်နိုင်တယ်ဆိုပဲ။

"ကိုသာအို"

"ဟေ"

"ဟေထားခဲ့၊ လူလာခဲ့"

"မင်းကွာ ချိုချိုသာသာပြောလဲ ဖြစ်ပါတယ်။ ငါ့ကို အမြဲငေါက်နေတာပဲ"

"တော်အငေါက်မခံရအောင် နေပါလား။ သွား ရေခပ်"

အဲသလို အမြဲ ဆူပူအော်ငေါက်ခိုင်းလေ့ရှိတယ်။ တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မစိန်သော့ဟာ ရေချိုးရာက ဖျားလိုက်တာ အိပ်ယာထဲ ဗုန်းဗုန်းလဲပါရော။ ရက်တစ်ပတ်လောက် အပြင်းဖျားပြီးတော့ ဆုံးသွားတာနဲ့ ရပ်ကွက်ထုံးစံအတိုင်း ဖျာနဲ့ပတ်လို့ သင်္ဂြိုဟ်ဖို့ သယ်သွားတယ်တဲ့။ သချိုင်းအဝင် ရောက်ခါနီးမှာ ဖျာလိပ်က သစ်ကိုင်းနဲ့ငြိပြီး မစိန်သော့ဟာ လျှောကျသွားသတဲ့။ အဲသလိုလည်း ကျရော မစိန်သော့က ငုတ်တုတ်ထထိုင်ရော။ အပြင်းဖျားပြီး မေ့နေတာကိုး။ သေမှမသေသေးပဲ။ ဒါနဲ့ အိမ်ပြန်ခေါ်လာရတာ ပေါ့။

ဒီလိုနဲ့ မစိန်သော့ ပြန်ကောင်းလာပြီး နှစ်အတော်ကြာမှ ဆုံးသွားရှာသတဲ့။ အဲသလိုဆုံးတော့ မစိန်သော့ကို သင်္ဂြိုဟ်ဖို့ ဖျာနဲ့ပတ်ပြီး သယ်သွားတာပေါ့။ ကိုသာအိုက နောက်နားက လိုက်သွားပြီး လမ်းကွေ့လည်းရောက်ရော လှမ်းအော်လိုက်သတဲ့။

"ဟော့–ဒီတစ်ခါ သစ်ကိုင်းနဲ့ မငြိစေနဲ့နော်" လို့။

* * *



## ဝှရင် ဝုတ်တောက်

တစ်ခါက ရွာတစ်ရွာမှာ စကားမပီတဲ့ လူပျိုကြီးတစ်ယောက် ရှိတယ်။ သူ့ကို မိန်းမမယူချင်ဘူးလားလို့ မေးရင်–

"ရက်ထပ်ချင်တာပေါ့တွာ၊ မရလို့" ဆို ဖြေတတ်တယ်။

သူ့ကို စကားမပီတဲ့အတွက် ကြိုက်မယ့်မိန်းကလေးမရှိဘူး ဖြစ်နေတယ်။ ဒါနဲ့ သူ့ရဲ့ဦးလေးတွေ၊ အဒေါ်တွေက တခြားရွာကမိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်ကြ တယ်။ တခြားရွာက မိန်းကလေးကလည်း အပျိုကြီး။ မိဘ ကလည်းမရှိ။ ဒီတော့ စေ့စပ်လာသူရှိတုန်း ယူလိုက်ဖို့ ဝိုင်းတိုက်တွန်းတာနဲ့ လူပျိုကြီးနဲ့ အပျိုကြီးဟာ တစ်ယောက်ကိုတစ်ယောက် မမြင်ဖူး၊ မတွေ့ဖူးပဲနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com

# ဂူရင်ဝုတ်တောက်



လက်မထပ်ခင်မှာ တစ်ယောက်ကိုတစ်ယောက်တွေ့ပြီး စကားပြောဖို့လည်း နှစ်ယောက်လုံးက ငြင်းတာပေါ့။ လူကြီးက သူစကားမပီတာ သိမှာစိုးလို့။ အပျိုကြီးကတော့ ရှက်လို့တဲ့။ ဒီလိုနဲ့ လက်ထပ်မယ့်ရက်ရောက်လို့ လက်ထပ်ကြရော ဆိုပါစို့။ လက်ထပ်ပြီးတဲ့အထိ တစ်ယောက်ကို တစ်ယောက် စကားမပြော ဖြစ်ကြဘူးတဲ့။

ညစာစားတော့ လူပျိုကြီးဟာ ဟင်းချိုရေပူပူကို အမှတ်တမဲ့ သောက်မိပြီး

"အား-ဂူလိုက်တာ"

လို့ အော်လိုက်မိသတဲ့။ ဒီတော့ သူ့ဇနီးက

"ဂူရင် ဝုတ်တောက်" လို့ ပြန်ပြောလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# ငရဲရောက်ကိုရွေးစမ်းကိုယ့်လူ



## ငရဲရောက်ကိုရွေးစမ်းကိုယ့်လူ

တစ်ခါက လူတစ်ယောက်ဟာ ငရဲကိုရောက်သွားသတဲ့။ ငရဲရောက်တော့ သူ့လိုပဲ ငရဲကျခံရမယ့် လူတွေအများကြီးကို တွေ့တာပေါ့။ အဲဒီလူတွေက အုပ်စုလိုက်ကြီး ဝင်ပေါက်တစ်ပေါက်တည်းဆီကို စုပြုံတိုးနေတယ်ဆိုပဲ။ အဲဒီအပေါက်ရဲ့ ဘေးက ဝင်ပေါက်မှာတော့ လူကရှင်းလို့တဲ့။ ရှင်းနေတဲ့ဝင်ပေါက်ကနေ လှမ်းကြည့်လိုက်ရင် ဝင်လာတဲ့လူတွေ နားနားနေနေထိုင်ဖို့ ဧည့်ခန်းထဲမှာ “ဆိုဖား၊ ဆက်တီ”တွေ ဘာတွေ ချထားသတဲ့။

ဒီတော့ ငရဲကျခံဖို့ရောက်လာတဲ့ လူသစ်ဟာ နားမလည်နိုင်အောင်ဖြစ်ပြီး အစောင့်ကို မေးသတဲ့။

“ဟိုဖက်က ဝင်ပေါက်ထဲကို ဘာလို့မဝင်ကြတာလဲ။ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာမှ ခမ်းခမ်းနားနား”

“အဲဒီဘက်က ပုဂ္ဂလိကငရဲလေ။ ဒီဘက်က သမဝါယမငရဲ။ ပုဂ္ဂလိကငရဲက ကျကျနနစည့်ခံပြီး ဆီပေါပေါနဲ့ကြော်တာကွ၊ သမဝါယမငရဲကတော့ တစ်ခါတစ်ခါ ဆီပြတ်၊ တစ်ခါတစ်ခါ ထင်းပြတ်။ ကြော်တော့လည်း ထင်းများများမထည့်နိုင်တော့ အကုန် ဒီဘက်ချည်းတိုးနေကြတာပေါ့” လို့ ဖြေလိုက်သတဲ့။

* * *



## သူ့ဟာသူ

တစ်ခါက တောအုပ်တစ်အုပ်မှာ ဘီလူးကြီးတစ်ကောင်ဟာ သောင်းကျန်းနေသတဲ့။ ဒီတော့ အရပ်ထဲက ဓားသိုင်းကျွမ်းတဲ့ လူတွေစုပြီးတော့ သွားနှိမ်နင်းကြတယ်။ ဘီလူးကြီးကို ဓားတွေနဲ့ ဝိုင်းခုတ်လိုက်တာ ဓားတွေသာကျိုးသွားတယ်။ ဘီလူးကြီးက ဘာမှမဖြစ်ဘူးတဲ့။

ဒါနဲ့ နောက်ထပ် လှံအစွမ်းထက်တဲ့ သိုင်းသမားတွေ လွှတ်လိုက်ပြန်ရော။ အဲဒီတော့ ဘီလူးကြီးကို လှံတွေနဲ့ ဝိုင်းထိုးလိုက်ကြတာ လှံတွေသာ ကွေးသွားတယ်။ ဘီလူးကြီးကတော့ ဘာမှမဖြစ်ဘူးတဲ့။

ဘီလူးကြီးကို ဘယ်လိုမှ နှိမ်နင်းလို့မရတော့ လူတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

# သူ့ဟာသူ





စိတ်ညစ်နေကြတာပေါ့။ အဲသလိုနဲ့ တစ်ရက်မှာတော့ လူတစ်ယောက် ရွာထဲကို အော်ပြီးဝင်လာတယ်။

"ဘိလူးကြီးကို ကြောက်ဖို့မလိုတော့ဘူး။ သေသွားပြီ၊ သေသွားပြီ"

"ဟုတ်လား"

"ဟုတ်တယ်"

"ဝမ်းသာလိုက်တာ။ ဒါနဲ့ မင်းနှိမ်နင်းခဲ့တာလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဘယ်သူလဲ၊ ပြောစမ်းပါ။ ကျေးရူးတင်လွှန်းလို့"

အဲဒီတော့ ပြန်ပြောလိုက်တာက--

"သူ့ဟာသူ အသက်ကြီးပြီး သေသွားတာပါ" တဲ့။


* * *



www.burmeseclassic.com

www.burmeseclassic.com

# မလွှမ်းပါဘူး



## မလွှမ်းပါဘူး

တစ်ခါက ကိုမာတောက်ဆိုတဲ့လူဟာ လူသတ်မှုနဲ့ ထောင် အနှစ် နှစ်ဆယ်ကျနေသတဲ့။ ထောင်ထဲရောက်တာ လေးငါးနှစ်ကြာတော့ ထောင်ဝန်ထမ်းတွေနဲ့ ရင်းနှီးလာတယ်။ စည်းကမ်းလည်း လိုက်နာတယ်။ အနေအထိုင်လည်း အေးဆေးတယ်။ မာတောက်ကိုကြည့်ရတာ စိတ်ညစ်နေတဲ့ ပုံစံဟန်လည်း မရှိဘူး။ တကယ့်ကို သူ့အိမ်၊ သူ့ယာ၊ သူ့အရပ်မှာ နေနေသလိုပဲ။ သူ့မျက်နှာမှာ ဘာသောကမှလည်း မရှိဘူး။ ဒီတော့ ထောင်မှူးတစ်ဦးက–

"မာတောက်"

"ဆရာ"

စိန်စိန်ဦး၏ဟာသအုပ်ကြီး(?)

www.burmeseclassic.com

www.burmeseclassic.com



"မင်းထောင်ထဲနေရတာ စိတ်မညစ်ဘူးလား"

"မညစ်ပါဘူးဆရာ"

"ပင်ပန်းတယ်လို့ရော မထင်ဘူးလား"

"မထင်ပါဘူးဆရာ၊ အပြင်မှာနေလည်း ထမင်းစားဖို့ ဒီလို လုပ်ရကိုင်ရမှာပဲ"

"ဟ–အပြင်မှာက ကိုယ့်အမျိုးတွေ၊ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါးနေရမှာကွ။ မင်းမိသားစုတွေ၊ မိတ်ဆွေတွေအိမ်ကို မလွမ်းဘူးလား"

"မလွမ်းပါဘူးဆရာ၊ သူတို့လည်း ထောင်ထဲရောက်နေတာကြာပြီ။ ခိုးမှုနဲ့ရောက်လိုရောက်၊ လိမ်မှုနဲ့ ရောက်လိုရောက်။ ကျွန်တော့်အမျိုးတွေ၊ မိတ်ဆွေတွေ မနည်းဘူးဆရာ" လို့ ဖြေလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



## ပြန်ပြောပုံက

တစ်ခါက မြစ်ကိုကူးဖို့ မော်တော်ပေါ်မှာ ခရီးသည်တွေ တက်ထိုင်စောင့်နေကြတယ်။ လူပြည့်သလောက်ရှိမှ ကျောင်းဆရာကြီးတစ်ယောက်က အိတ်ကလေးကိုဆွဲလို့ တက်လာတယ်။ မော်တော်ပေါ်ရောက်တော့ ထိုင်စရာနေရာ ရှာကြည့်တာပေါ့။ အဲဒီမှာ ရှဲသားတစ်ယောက်ဘေးနေရာလေးက နည်းနည်းလွတ်နေတယ်။ ကျောင်းဆရာကြီးက–

"ငါ့တူ၊ နည်းနည်းကျုံ့ပေးကွာ၊ ငါထိုင်လို့ရအောင်"

"ကျုံ့လို့မရတော့ဘူးဗျ။ ဒီဘက်မှာ ဆယ့်ခြောက်ယောက် ပြည့်နေပြီ။ ဟိုဘက်မှာထိုင်လိုက်ပါ"


"အဲဒီဘက်တန်းက နေပူလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com

# ပြန်ပြောပုံက





ရဲသားလေးက ဘာမှပြန်မပြောပဲ တစ်ဖက်လှည့်နေလိုက်သတဲ့။ ဒီတော့ ဆရာကြီးက စိတ်တိုပြီး--

"မင်း ပြောရဆိုရတယ်ကပ်တာပဲ။ လူကဖြင့် ငါ့တပည့်လောက်ရှိသေးတာ"

လို့ အော်လိုက်တယ်။ ဘေးကလည်း ဝိုင်းကြည့်နေတာပေါ့။ ဒီတော့ ရဲသားလေးက ရှက်ရှက်နဲ့ ပြန်ပြောလိုက်တာက--

"ခင်ဗျားလည်း ကျွန်တော်ဖမ်းတဲ့တရားခံလောက် ရှိတာပါပဲ" ဟူသတတ်။


* * *



www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ကင်းအောင်ကွယ်



## အန္တရာယ်ကင်းအောင်ကွယ်

ဟိုတုန်းက ကုန်သွယ်ရေးအရောင်းဆိုင်တွေမှာ သက်ဆိုင်ရာက အမှန်တကယ်လိုအပ်ကြောင်း ထောက်ခံစာပါမှ ကုန်ပစ္စည်းတွေကို ရောင်းသတဲ့။

အဲဒီတုန်းက မန္တလေးမြို့ရဲ့ ကားသင်းတစ်သင်းမှာ လက်မှတ်ရောင်းလုပ်ဖို့ ဖိုးတာဆိုတဲ့လူ ရောက်လာတယ်။ သူက တောကလူသစ်။ မိသားစုလိုက်မြို့ကို ရွှေ့လာတာဆိုတော့ အိမ်ထောင်မှုပစ္စည်းတွေက လိုနေတာပေါ့။ အဲသလို လိုနေတာကို ကားနားနေတဲ့အချိန် ဂိတ်မှာထိုင်ရင်းပြောတော့ ကားမောင်းတဲ့လူတစ်ယောက်က စချင်တာနဲ့....

"မင်းကွာ၊ ဒန်အိုးဒန်ခွက်လိုချင်တာများ ငါထောက်ခံပေးပါမယ်"

မိန်းမိန့်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်လားဆရာ"

"အဟုတ်ကိုပြောတာပါ။ ငါက ဒီအသင်းရဲ့ကိုယ်စားလှယ်"

"အဲဒါဆို ကူညီပါဦးဆရာ"

အဲသလိုပြောပြီး ဖိုးတာက သူလိုချင်တဲ့ပစ္စည်းတွေကို ရေးလို့ ရောင်းချပေးဖို့ လျှောက်တယ်။ ကားဆရာကလည်း ခပ်တည်တည်နဲ့ ရောင်းချပေးလိုက်ပါဆိုပြီး လက်မှတ်ထိုးပေးလိုက်တယ်။

ဖိုးတာကလည်း ကားနားတုန်း ကုန်သွယ်ရေးဆိုင်ကို ပြေးပြီး အဲဒီစာပြသတဲ့။

ဒီတော့ ရောင်းတဲ့လူတွေက သေသေချာချာကြည့်ပြီး

"ဘယ်သူ့လက်မှတ်ထိုးမှန်းတော့ မသိဘူး။ အရေးပါတဲ့ ပုဂ္ဂိုလ်ဖြစ်နေရင် မလွယ်ဘူး။ ရောင်းလိုက်တာက အန္တရာယ်ကင်းတယ်"ဆိုပြီး ဖိုးတာကို ရောင်းလိုက်သတဲ့။ ဖိုးတာလည်း ပစ္စည်းတွေနဲ့ပြန်လာရော ကားဆရာက အံ့အားသင့်ပြီး-

"မင်းဝယ်လာတာလား"

"ဟုတ်တယ်လေ။ ဆရာတော့ တော်တော်ကြောက်ပုံရတယ်။ ရောင်းလိုက်တာ အန္တရာယ်ကင်းပါတယ်ကွာဆိုပြီး ရောင်းလိုက်တာ" လို့ ပြန်ပြောလိုက်သတဲ့။

* * *



## မေ့ထားလိုက်ပါ

တစ်ခါက မရွှေထူးဆိုတဲ့ မိန်းမတစ်ယောက်ဟာ နှလုံးရောဂါဖြစ်သတဲ့။ ဒီတော့ ဆေးကုရတာပေါ့။ ဆေးထိုး၊ ဆေးစား၊ ဓါတ်မှန်ရိုက်ဆိုတာတွေ မကြာခဏလုပ်နေရတယ်။ ဆေးခန်းကို သွားတိုင်း ဆရာဝန်က-

"ခင်ဗျား စိတ်ချမ်းသာအောင်နေပါ။ စိတ်သောကဖြစ်လို့ မရဘူး။ ဒီရောဂါမျိုးက စိတ်သောကဖြစ်လေ ရောဂါတိုးလေပဲ။ ပြောပြစမ်းပါ။ ခင်ဗျားမှာ စိတ်သောကဖြစ်စရာ ဘာရှိလဲ။ ခင်ဗျားယောကျ်ားက ခင်ဗျားကို နှိပ်စက်လား"

"မနှိပ်စက်ပါဘူး"

"သားသမီးတွေကရော၊ ဆိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com

# မေ့ထားလိုက်ပါ





"မဆိုးပါဘူး။ အကုန်လိမ္မာပါတယ်"

"စီးပွားရေးရော အဆင်ပြေရဲ့လား"

"ပြေပါတယ်ဆရာ"

"နေရထိုင်ရတာရော အိမ်ငှားလား၊ ကိုယ်ပိုင်လား"

"ကိုယ်ပိုင်ပါ။ ခြံနဲ့ ဝိုင်းနဲ့၊ တိုက်နဲ့ပါပဲ"

"အတော်လေးကို ပြည့်စုံတာပဲ"

"ပြည့်စုံပါတယ်။ ဒီဆေးခန်းကို လိုက်ပို့တဲ့ကားဆိုရင် ကျွန်မတစ်ယောက်တည်းသုံးဖို့ သန့်သန့်ဝယ်ပေးထားတာပါ"

"ဒါဆို ဘာသောကရောက်စရာရှိလဲ"

"ဒီရောဂါဖြစ်နေလို့ပေါ့ ဆရာရယ်"

"ဒီရောဂါကို မေ့ထားလိုက်စမ်းပါ။ ဒါဆို ခင်ဗျား အများကြီး သက်သာသွားမယ်"

"ဆရာကပြောတော့ လွယ်တာပေါ့။ ကျွန်မကဖြစ်နေတဲ့သူပဲ။ ဘယ်လိုလုပ်မေ့ထားလို့ရမလဲ ဆရာ"

အဲဒီမှာ ဆရာပြန်ပြောလိုက်တာက

"ကျုပ်မှာလဲ ဖြစ်နေတာပါပဲဗျာ။ ကျုပ်တောင် မေ့ထားလို့ ရသေးတာပဲ" ဟူသတည်း။


* * *



www.burmeseclassic.com

www.burmeseclassic.com

# သားသားအကြိုက်



## သားသားအကြိုက်

တစ်ခါက ရွာတစ်ရွာမှာ ကိုတောလူ မဂျိုးဖြူဆိုတဲ့ လင်မယားရှိသတဲ့။ သူတို့မှာ သားတစ်ယောက်ရှိတယ်။ မောင်ရင်မောင်တဲ့။ မောင်ရင်မောင်က အလွန်ရိုးဆိုပဲ။ အချိန်တန်အရွယ်ရောက်လို့ လူပျိုပေါက်ဖြစ်လာပေမယ့် ရည်းစားလည်း မရှိဘူးတဲ့။ ရှက်တတ်တာလဲ အလွန်ပဲ။ သူ့သူငယ်ချင်းတွေက လူငယ်တို့ဘာဝ မိန်းမအကြောင်းပြောရင်ကိုပဲ အဲဒီနားမနေတော့ဘူး။ တစ်ခါတည်းထပြေးတော့တာပဲ။

ဒီလိုနဲ့ အချိန်တွေကုန်၊ အရွယ်လွန်လာတော့ ကိုတောလူနဲ့ မဂျိုးဖြူတို့ တိုင်ပင်သတဲ့။ သူ့သား ရိုးရိုးအအကို သင့်တော်တာနဲ့ နေရာချထားပေးမှပေါ့။ သူ့ဟာသူကတော့ ရှာယူမှာ မဟုတ်တော့ဘူးဆိုတာ သိကြတာကိုး။ ဒါနဲ့-



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား"

"ဗျာ"

"မင်းမိန်းမယူရမယ်။ ဒီအတိုင်းနေလို့ မဖြစ်ဘူး။ ရွာတောင်ဖျားက ရွှေမိကိုယူမလား။ ရွာလယ်က ကိုသာဝသမီး အေးသာလေးကို ယူမလား။ ဒေါ်ရွှေမကလည်း သူ့မြေးဂျမ်းဘုံနဲ့ ပေးစားချင်နေတယ်။ ကဲ-ငါ့သားကြိုက်ရာပြော။ အဖေတို့ပြောဆို တောင်းရမ်းပေးမယ်" လို့ ပြောတယ်။

ဒီတော့ မောင်ရင်မောင်က အတော်ကြာကြာခေါင်းငုံ့နေပြီးမှ ပြောလိုက်တာကတော့-

"ငယ်ချင်ငယ်ပါစေ။ လှရင်ပြီးတာပါပဲအဖေရာ" တဲ့။

* * *



## သားတို့နဲ့မှ အဆင်ပြေမှာ

တစ်ခါက ဦးဖိုးလူဆိုတဲ့ အဖိုးကြီးတစ်ယောက်ရှိတယ်။ သူက တစ်ခုမဟုတ် တစ်ခုလုပ်နေရမှ။ ဘာမှလုပ်စရာမရှိရင် နွေနေပူပူမှာ သူ့အနွေးထည်တွေ နေလှမ်းတဲ့အလုပ်ဖြစ်ဖြစ် လုပ်တာ။ အဲသလို လုပ်နေရင်း စကားကလည်းပြောသေးတယ်။ အနားမှာရှိတဲ့လူကို ပြောတာပေါ့။ လူကြီးမရှိရင် မြေးနဲ့ဖြစ်ဖြစ်ပြောတာ။

"သား၊ လူဆိုတာ တစ်ခုမဟုတ်တစ်ခု အမြဲလုပ်နေရတယ်ကွ။ အချိန်ကို အလဟဿမဖြုန်းရဘူး"

"ဘိုးဘိုးကလည်းဗျာ၊ ဒါချည်းပြောနေတာပဲ"

"ဟ-ဒါမှကြီးပွားတိုးတက်မှာပေါ့။ အလုပ်များများလုပ်၊ ငွေများများရအောင်ရှာ၊ အလှူအတန်းကောင်းမှုကုသိုလ်လုပ်၊ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com

# သားတို့နဲ့မှ အဆင်ပြေမှာ





သေရင် နတ်ပြည်ရောက်ရော"

"နတ်ပြည်မှာ ဘာတွေရှိလဲ"

"အစုံရှိတာပေါ့။ အဲဒီကျရင် အလုပ်လုပ်ဖို့မလိုတော့ဘူး။ ငါ့မြေး ဘာစားချင်လဲ။ စားချင်တာတမ်းတလိုက်။ ရှေ့ရောက်လာမှာ။ ပျင်းနေသလား။ နတ်သမီးလေးတွေက အကနဲ့ဖျော်ဖြေဦးမှာ"

"နတ်ပြည်ရောက်ရင် ဘာမှလုပ်ဖို့မလိုတော့ဘူးပေါ့"

"မလိုတော့ဘူး"

ဒီတော့ မြေးဖြစ်သူကစဉ်းစားပြီး–

"အဘိုးတို့လို အလုပ်တစ်မျိုးပြီးတစ်မျိုး လုပ်ချင်နေတဲ့ လူတွေ နတ်ပြည်ရောက်ရင် နေရထိုင်ရတာ အဆင်ပြေမှာ မဟုတ်ဘူးနော်၊ သားတို့နဲ့မှ အဆင်ပြေမှာ" လို့ ပြောလိုက်သတဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားပီသတဲ့သူ



## ယောက်ျားပီသတဲ့သူ

မြို့တစ်မြို့မှာ "မေတ္တာအသုပ်စုံဆိုင်"ဆိုပြီး ရှိတယ်။ အဲဒီဆိုင်က အဲဒီမြို့မှာတော့ အလွန်နာမည်ကြီးတာပေါ့။ ရောင်းနေတာက အလွန်ချောတဲ့ကောင်မလေးကိုး။ ဆိုင်မှာတင် ထိုင်စားစရာ စားပွဲ၊ ကုလားထိုင်၊ ရေနွေးကြမ်းနဲ့ဆိုတော့ ယောက်ျားလေးတွေ၊ ယောက်ျားကြီးတွေ ဆိုင်မှာလာစားကြတာ အချိန်ပြည့်ပဲ။ ကောင်လေးတွေက ရိသဲ့သဲ့ပြောလည်း ကောင်မလေးက ခပ်ပြုံးပြုံးပဲ။ လူကြီးတွေက ရိသဲ့သဲ့ပြောလည်း ကောင်မလေးက ခပ်ပြုံးပြုံးပဲ။

တစ်ရက်မှာတော့ လူတစ်ယောက်က လက်ဖက်သုပ်စားရင်း အဲဒီကောင်မလေးကို အကဲခတ်နေတယ်။ ကောင်မလေးက မျက်ချင်ယောင်ဆောင်ပြီး အဲဒီလူကို ပြန်အကဲခတ်နေတယ်။ ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လှရှင်းနေတာကိုး။ လူကြီးက အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ သွားခေါခေါနဲ့။ သူက ကောင်မလေးကို

"ငါ့နှမ လာပါဦး"

"ဘာလိုချင်လို့လဲဦးရဲ့"

"ဪ-ငါ့နှမကို သတိပေးချင်လို့ပါ"

"ဘာများပါလိမ့်"

"အိမ်ထောင်ပြုမယ်ဆိုရင် ယောကျ်ားပီသတဲ့သူကို ရွေးနော်။ ငါ့နှမဘေးမှာ လူပေါင်းစုံရှိနေတာ။ ယောကျ်ားပီသတဲ့သူရော ရွေးတတ်ရဲ့လား"

"ဟင့်အင်း"

"မှတ်ထားကွယ်၊ ယောကျ်ားပီသတဲ့သူဆိုတာ အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ သွားခေါခေါ" လို့ ပြောလိုက်သတဲ့။

* * *



## ဟိုဟာပြူချင်ရင်

တစ်ခါက ရွာတစ်ရွာမှာ မဇာဥဆိုတဲ့ မိန်းမတစ်ယောက် ရှိတယ်။ သူက ဘယ်သူ့ပစ္စည်းဖြစ်ဖြစ် လစ်ရင်လစ်သလို ယူလေ့ရှိတယ်။ ပြီးတော့ ဘယ်သူ့အိမ်က ခေါနိုင်းခိုင်းလည်း လုပ်တယ်။ ရေခပ်၊ ထင်းခွဲ၊ အဝတ်လျှော်၊ ထမင်းဟင်းချက်ဆိုတာမျိုးတွေပေါ့။ အဲသလိုလုပ်ပေးရင်းက ချဉ်ပေါင်ရွက် သုံးစီးလောက်ချက်မယ့် အိမ်မှာ နှစ်စီးလောက်ပဲချက်ပြီး သူကတစ်စီးယူလိုက်တာတို့။ ဘဲဥဟင်းချက်ဖို့ ငါးလုံးလောက်ပြုတ်ထားရင် ဘဲဥတစ်လုံးလောက် ယူလိုက်တာတို့ လုပ်တယ်။

တစ်ရက်မှာလည်း အိမ်ဆိုင်တစ်ဆိုင်ကနေ ဆန်ကူရွေးပေးရာက အပြန်မှာ ကြက်ဥနှစ်လုံးခိုးလာခဲ့သတဲ့။ သူ့အိမ်ရောက်



www.burmeseclassic.com

www.burmeseclassic.com

# ဟိုဟာပြချင်ကြ





တော့ ကြက်ဥနှစ်လုံးပြုတ်ထားပြီး သူရေချိုးနေတုန်းမှာ အဲဒီကြက်ဥ နှစ်လုံး အခိုးခံရသတဲ့။

မစာဥဟာ ရေချိုးပြီးတော့ သူ့မိးဖိုချောင်က ကြက်ဥအခိုးခံ ရတာလည်းသိရော ဒေါသဖြစ်သွားပြီး အော်လိုက်တယ်။

"ဟေ့-သူများဟိုဟာပြချင်လို့ ဟိုဒင်းပြလာခဲ့တာကို အချောင်ဟိုဟာပြချင်တာနဲ့ ဟိုဒင်းပြတာ မကျေနပ်ဘူးနော်။ သူများလို ဟိုဟာပြချင်ရင် ကိုယ့်ဟာကိုယ် ဟိုဒင်းပြပါလား။ သူများဟိုဒင်းပြထားတာကို လာပြီးဟိုဟာပြရသလားဟဲ့"

( ကြားဖူးနားဝဟာသပုံပြင် )

* * *

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ထင်မိယောက်များ



## ထင်မိယောင်များ

တစ်ခါက မောင်စိန်ရိုးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူဟာ လုံးဝလိမ်ညာမပြောတတ်ဘူးလို့ ကုက္ကိုစုတစ်ရွာလုံးက သိထားကြတယ်။ အများသိထားသလိုပဲ သူကလည်း အမြဲမှန်တာကိုပဲ ပြောတယ်။

တစ်ရက်မှာတော့ မောင်စိန်ရိုးဟာ ပိန္နဲကုန်းရွာက အပျိုချောလေး မကြာင့်ကို ချစ်ရေးဆိုသတဲ့။ မကြာင့်က ကုက္ကိုစုရွာက ဖြတ်ပြီး မြို့သွားသွား ဈေးဝယ်ရတာကိုး။

တစ်ကြိမ်....

နှစ်ကြိမ်....

သုံးကြိမ်.... ဆိုသလို မောင်စိန်ရိုးက လိုက်လိုက်ပြီးပြောရတော့ မကြာင့်က မောင်စိန်ရိုးရဲ့အခြေအနေကို ပြန်စပ်စုသတဲ့။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့အိမ်က ဘယ်နားမှာလဲ"

"ဒီလမ်းထိပ်မှာပါ"

"ဟိုတိုက်ကြီးက ဘယ်သူ့တိုက်လဲ"

"ဘဘတိုက်ပါ"

"ဘဘက ဘာလုပ်တာလဲ"

"ဆီစက်ရှိတယ်၊ ဆန်စက်ရှိတယ်" လို့ ဖြေသတဲ့။

ဒီတော့ မကြာငံ့က စိတ်ဝင်စားပြီး မောင်စိန်ရီးပြောတာ ဟုတ်မဟုတ် ကုက္ကိုစုရွာက အသိတွေကို မေးတယ်။

"ကိုစိန်ရီးက လိမ်ပြောတတ်သလား"

"ဟာ ဘယ်တော့မှ လိမ်မပြောဘူး။ အမြဲမှန်တာပဲ ပြောတယ်။ သူပြောရင်တော့ ယုံသာယုံလိုက်" လို့ တညီတညွတ်တည်း ပြောကြသတဲ့။

ဒါနဲ့ မကြာငံ့ဟာ မောင်စိန်ရီးအချစ်ကို လက်ခံလိုက်ပြီး မောင်စိန်ရီးနောက် ခိုးရာလိုက်ခဲ့သတဲ့။ လူကြီးတွေချင်းညှိနေကြတုန်းမှာ တခြားရွာ သွားရှောင်နေကြပြီး လေးငါးရက်နေလို့ နှစ်ဖက်မိဘတွေ ကျေနပ်ပြေလည်သွားကြပြီဆိုမှ ကုက္ကိုစုကို ပြန်လာကြတယ်။ ကုက္ကိုစုရောက်တော့ မောင်စိန်ရီးက သူ့တဲလေးဆီ ခေါ်သွားသတဲ့။ သူ့တဲက တိုက်ကြီးရဲ့နောက်မှာကိုး။ ဒီတော့ မကြာငံ့က–

"ကိုစိန်ရီး၊ ဟိုတိုက်ကြီးက ဘဘတိုက်ဆို"





"ဟုတ်တယ်လေ"

"ဒါဖြင့် အဲဒီမသွားဘဲ ဘာလို့ ဒီတဲလေးမှာလာနေရတာလဲ"

"ဟ အဲဒီတိုက်သွားနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ရှင့်ဘဘဆို"

"ငါ့ဘဘမဟုတ်ပါဘူးကွာ။ ငါ့အဘတွေက ရွာတောင်ဖျားမှာနေကြတာ"

"ကျုပ်တော့ ရှုပ်ကုန်ပါပြီတော်။ ရှင်ပြောတော့ ဒါဘဘတိုက်ဆို"

"အေးလေ၊ တစ်ရွာလုံးက ဒီတိုက်က ဦးဘရဲ့တိုက်။ တစ်ရွာလုံးက သူ့ကို ဘဘလို့ ခေါ်ကြတာ"

"လို့ ပြန်ပြောလိုက်တော့သတဲ့။ ဒီတော့ မကြာငံ့က သူ့နဖူးသူ လက်ဝါးနဲ့ရိုက်ပြီး–

"မှားပါပြီတော်" လို့ အော်လိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုပေါက်ကြောင်း



## ဝတ္ထုပေါက်ကြောင်း

တစ်ခါက ဒေါ်မြနှင့် ဖိုးတာဆိုသော သားအမိနှစ်ယောက် ရှိကြသည်။ ဒေါ်မြမှာ ဆေးဆိုင်ဖွင့်ထား၍ ဖိုးတာက တစ်နေကုန်ထိုင်ကာ ဈေးရောင်းရသည်။ စနေ၊ တနင်္ဂနွေမှာလည်း မနားရ။ အဖိတ်ဥပုသ်လည်း မနားရ။ နေ့စဉ် နေ့ကုန်နေ့ကုန် ထိုင်ရောင်းရ၍ ဖိုးတာမှာ ပြင်းလာသည်။

ထိုသို့ ပြင်းလာသောကြောင့် တစ်ရက်မှာ ဆိုင်မှထွက်သွားပြီး ရုပ်ရှင်ကြည့်လိုက်၊ ပွဲသွားလိုက်၊ လျှောက်လည်လိုက်နှင့် သူငယ်ချင်းများအိမ်အိပ်၊ သူငယ်ချင်းများနှင့်စားကာ နေလေသည်။ သို့ဖြင့် ဆယ်ရက်ခန့်ကြာသောအခါ သူ့အမေထံမှ စာတစ်စောင် ရောက်လာသည်။ ထိုစာမှာ–

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား အိမ်ပြန်လာပါ။ အမေ့မှာ တစ်ရာရှိတယ်" ဟူ၍ ရေးထားလေသည်။ ဖိုးတာသည် ထိုစာကိုဖတ်ပြီး.....

"ငါ့အိမ်ကထွက်နေလို့ သုံးစရာပေးချင်လို့ ခေါ်တာနဲ့ တူတယ်" ဟု သူငယ်ချင်းများကိုပြောကာ သူ့အမေအိမ်သို့ သွားလေသည်။

သူ့အမေနှင့်တွေ့သောအခါ -

"အမေ့မှာ တစ်ရာရှိတယ်ဆို၊ ကျွန်တော့်ကို ငါးဆယ်လောက်ပေးပါအမေ"

"မင်း ဘယ်သူကပြောလဲ"

"အမေပဲ စာရေးလိုက်တာလေ။ ဒီမယ်"

"ပြစမ်း"

ခေါ်မြက သူရေးသည့်စာကို သူပြန်ဖတ်ကြည့်ပြီး....

"တရားရှိတယ်လို့ ရေးတာဟဲ့။ ဝဋ္ဋပေါက်ကျနေလို့။ မင်းက တရားလက်လွှတ်လုပ်နေလို့ ရေးလိုက်တာ။ သွား ဆိုင်ဖွင့်ချေ" ဟု ပြောလိုက်လေသည်။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



# ပြုံးပြနေတာကြောင့်

တစ်ခါက မြို့တစ်မြို့မှာ အလွန်ကပ်စေးနဲတဲ့ ဦးသာဝဆိုတဲ့ လူကြီးရှိတယ်။ ဦးသာဝဟာ တစ်ရက်မှာ ဒံပေါက်ထမင်းစားချင်တာနဲ့ ဈေးနားကဆိုင်ကိုလာတယ်။ သူဆိုင်ထဲမဝင်ခင် နီးနားဝန်းကျင်ကို ပထမကြည့်သေးတယ်။ အသိတွေ့ရင် ခေါ်နေရမှာ စိုးလို့။ ပြီးတော့ ဆိုင်ထဲမှာ စားနေတဲ့သူတွေကိုလည်း လေ့လာသေးသတဲ့။ အသိတွေ့ရင် ကျွေးရမှာ၊ ငွေရှင်းပေးရမှာစိုးလို့။ ဆိုင်ထဲရော၊ ဆိုင်ပြင်မှာပါ အသိအကျွမ်းမရှိဘူးဆိုတာ သေချာတော့မှ ဝင်ထိုင်ပြီး ထမင်းမှာစားသတဲ့။

အဲသလို ဦးသာဝစားနေတုန်းမှာ ဆိုင်ရှေ့ကဖြတ်လျှောက်သွားတဲ့သူ့တူ ခင်မောင်အေးကမြင်ပြီး ဆိုင်ဝမှာ ရပ်နေလိုက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးပြနေတာ ကြာလှပြီ





သူ့ဦးလေးကမြင်လို့ စားပါဦးလားဆို လှမ်းခေါ်ရင် ဝင်စားရအောင်လို့ပေါ့။ သူ့ဦးလေးက ခေါင်းကိုမမော့ဘူး။ ပွဲကုန်တဲ့အထိပေါ့။

စားလို့ပြီးတော့မှ စားပွဲထိုးကို ပိုက်ဆံခေါ်ပေးပြီး ဦးသာဝက ဆိုင်ရှေ့လှမ်းကြည့်လိုက်တယ်။ အဲဒီတော့မှ သူ့တူကို မြင်သွားပြီး–

"ဟား–ခင်မောင်အေးပါလား။ ဘယ်တုန်းက ရောက်နေတာလဲ" လို့ လှမ်းမေးလိုက်တယ်။

အဲဒီတော့ ခင်မောင်အေးက–

"ဦးလေးမကြည့်လို့။ ကျွန်တော်က ပြုံးပြနေတာကြာလှပြီ" လို့ ပြောလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# အဒေါ်တူလား



## အဒေါ်တူလား

တစ်ခါက မြို့တစ်မြို့မှာ ဒေါ်ဖွားရှင်ဆိုတဲ့ မိန်းမကြီး တစ်ယောက်ရှိတယ်။ သူက ကြွားတာကို အလွန်ဝါသနာပါသတဲ့။ သူ့အိမ်ရှေ့မှာ ကားနဲ့ညော်သည်ရောက်လာပြီဆိုတာနဲ့ အဲဒီကား ပြန်ထွက်သွားရင် ကြွားတော့တာ။ ဒေါ်ဖွားရှင်က လမ်းတစ်ဘက်ကို ကူးလာပြီး....

"မောင်ထွန်းဖေ၊ အစောကကားကို မြင်လိုက်လား"

"ဟုတ်ကဲ့"

"ဟိုင်းလတ်လေ"

"မြင်ပါတယ်"

"အဲဒါ တူတော်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကားကို တူတော်တာလား"

"ဟိုကွယ် ကားမောင်းလာတဲ့သူငယ်ကို ပြောတာပါ၊ မင်းကလည်း။ ရှေ့နေလေ ရှေ့နေ၊ အစ်ကိုကမွေးတာ"

အဲသလိုပြောလေ့ရှိတယ်။ နောက်ရက်မှာ ကားနဲ့ညည်းသည်းလာပြီဆိုရင် ပြန်သွားတာနဲ့ ဒေါ်ဖွားရှင်ဟာ လမ်းကိုကူးလာပြီး-

"မောင်ထွန်းဖေ၊ အစောက ကားနဲ့လာတာတွေ့လား။ စပရင်တာနဲ့လေ"

"ဟုတ်ကဲ့"

"အဲဒါ တူတော်တာပေါ့။ ဆရာဝန်ကြီးဖြစ်နေပြီ။ အစ်မက မွေးတာလေ" လို့ ပြောပြန်ရော။

တစ်ရက်မှာတော့ အဲဒီအိမ်ရှေ့ ကားတစ်စီးရပ်နေတုန်း ဒေါ်ဖွားရှင်က လမ်းကိုဖြတ်ကူးလာတယ်။ ကားကစက်ပျက်လို့ ရပ်တဲ့ပုံပါ။ အဲဒါကို ကိုထွန်းဖေက မေးငေါ့ပြပြီး-

"အဒေါ့တူလား" လို့ မေးလိုက်တယ်။

ဒီတော့ ဒေါ်ဖွားရှင်က မျက်စောင်း ထိုးလိုက်ပြီး....

"မင်းနယ်ကွယ်၊ မဟုတ်တာ၊ အဲဒါ ဈေးကားကြီးပါ" လို့ ပြောလိုက်သတဲ့။

* * *



## တွက်ကြည့်စမ်းပါ

တစ်ခါက ထနောင်းကုန်းမှာ ဦးပေတလူနဲ့ သူ့သားချက်စူတို့ နေထိုင်ကြတယ်။ ဦးပေတလူက နေရာတကာမှာ ဆရာလုပ်လေ့ရှိတယ်။ စကားလည်း အလွန်ပေါတယ်။ နေ့စဉ် လုပ်ရိုးလုပ်စဉ်အလုပ်ကိုပဲ ဦးပေတလူက ဆရာလုပ်ရမှ ကျေနပ်တယ်။

"မင်း ထမင်းအိုးတည်နေတာလား"

"ဟုတ်ကဲ့"

"မီးမပြတ်စေနဲ့နော်။ ပျော့ပြဲမနပ်ဖြစ်သွားလိမ့်မယ်"

ချက်စူက ထင်းတစ်ချောင်းကောက်ပြီး မီးဖိုထဲထည့်လိုက်တယ်။ ဒီတော့....

"ထင်းလည်း သိပ်မများစေနဲ့နော်။ တူးသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

# တွက်ကြည့်စမ်းပါ





ချက်ရှုက မျက်စောင်းတခဲခဲနဲ့။ အမြဲဆရာလုပ်နေတော့ မကျေနပ်ချင်ဘူး။ တစ်ရက်မှာတော့....

"တော်ပြီဗျာ။ ကျွန်တော် ငွေလည်းရှာရသေး။ ထမင်းလည်း ချက်ရသေး။ ဒီအိမ်မှာ မနေချင်တော့ဘူး။ ထွက်မယ်" လို့ ပြောသတဲ့။

ဒီတော့ သူ့အဖေက....

"ထွက်ချင်ထွက်လေ။ မင်းငါ့ကို ဆယ်သိန်းပေးရမယ်" လို့ ပြောသတဲ့။ ဒီတော့ ချက်ရှုက....

"နေပါဦး၊ ဘာကိစ္စဆယ်သိန်းပေးရမှာလဲ"

"ထမင်းဖိုးလေကွာ။ မင်းကိုပြုစုခဲ့၊ ကျွေးမွေးခဲ့ရတာ တစ်နေ့ တစ်ရာနဲ့တွက်ဦးတော့၊ အဝတ်အစားဝယ်ပေးခဲ့ရတာတွေ၊ ကျောင်း ထားခဲ့ရတာတွေ၊ ဆေးကုခဲ့ရတာတွေ။ ဟင်း-သားအဖချင်းမို့၊ အားနာလို့။ အတိအကျတွက်ရင် ဆယ်သိန်းကျော်သွားမယ်။ မင်း မယုံရင်တွက်ကြည့်စမ်းပါ။ ဒါတောင် မင်းအမေပိုးတုန်းက ကုန်ခဲ့ရတာတွေ မပါသေးဘူး" လို့ ပြောလိုက်သတဲ့။

* * *

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com




## တစ်ခွက်

တစ်ခါက မစိန်ရိုးဆိုတဲ့ အပျိုကြီးတစ်ယောက်ရှိတယ်။ မစိန်ရိုးကို အိမ်ထောင်ပြုပေးဖို့ သူ့သူငယ်ချင်းမမြက အမြဲတိုက်တွန်းလေ့ရှိတယ်။ မမြသဘောတူတာက သူ့ယောကျ်ား ကိုဖိုးသီရဲ့ သူငယ်ချင်း ကိုစံဗျော့နဲ့။

ကိုဖိုးသီနဲ့ ကိုစံဗျောက ပုလင်းတူဖူးဆို့တွေ၊ အတူတူတွေ၊ အရက်သမားတွေ။ ညနေတိုင်း ဘီယာပုလင်းတွေနဲ့ ကိုဖိုးသီရဲ့ အိမ်မှာလာသောက်နေကြ။ အရက်ပြင်းသောက်ချင်ပြီဆိုရင်တော့ ဆိုင်သွားသောက်ကြတာ။ အဲသလို တစ်ပုလင်းပြီးတစ်ပုလင်း သောက်နေတာကို မစိန်ရိုးကလဲမြင်နေတာ။ အဲဒါကြောင့် မမြက တိုက်တွန်းတိုင်း–

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"အို သူကအရက်အားကြီးသောက်တယ်"

"ဒါကတော့အေ၊ ကိုယ်နဲ့ရသွားရင် လျှော့သောက်ဖို့ ပြောရမှာပေါ့။ ငါတောင်မှ ကိုဖိုးသီကို အဲသလိုထိန်းရတာပဲ။ ဆိုင်သွားသောက်ရင် ကိုယ့်မမြင်ကွယ်ရာဆိုတော့ သိပ်လွန်မှာစိုးလို့ ခုလို အိမ်မှာတင် သောက်ခိုင်းထားရတာ။ ကိုယ်ထိန်းတတ်ရင် ရတာပဲ" လို့ ပြောပြတယ်။

အဲသလို မမြကလည်းအပြောကောင်း၊ ကိုစံဗျောကလဲ ဝင်ငွေကောင်းဆိုတော့ မစိန်ရီးက လက်ခံလိုက်သတဲ့။ သူတို့ မင်္ဂလာဆောင်တော့ ကိုစံဗျောအရက်သောက်တာကို သိထားတဲ့ သူငယ်ချင်းတွေက နိုင်ငံခြားအရက်ပုလင်းတွေ လက်ဖွဲ့ကြတာပေါ့။ မစိန်ရီးက အဲဒီအရက်ပုလင်းတွေကို အကုန်သိမ်းသွားပြီး ညကျတော့–

"ကိုစံဗျော"

"ဟေ"

"ရှင်အရက်ကို တစ်ခွက်ပဲသောက်ရမယ်နော်" လို့ ပြောသတဲ့။

ကိုစံဗျောကလဲ မင်္ဂလာဦးညမှာ စကားမများချင်တာနဲ့ အေးပါကွာလို့ ပြောလိုက်တယ်။ အဲဒီတော့ မစိန်ရီးက ကျေနပ်ပြီး





အရက်လက်တစ်လုံးလောက်ကို ရေတစ်ဖန်ခွက်လောက် ရောသောက်ရတဲ့ အရက်အပြင်းစားကို ဖန်ခွက်နဲ့တစ်ခွက် အပြည့်ထည့်ယူလာပြီး ပေးလိုက်သတဲ့။ ဒီတော့ ကိုစံဗျောက....

"ငါနောက်ဆို ဆိုင်မှာမသောက်တော့ဘူး။ အိမ်မှာပဲ တစ်ခွက်တစ်ခွက် သောက်တော့မယ်"လို့ ပြောလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# မြိုင်ပွဲ



## မြိုင်ပွဲ

တစ်ခါက စာရေးဆရာကိုသစ္စာဆိုတာ ရှိတယ်။ သူက လက်ဖက်ရည်ဆိုင်ထိုင်ရတာကို အလွန်ခုံမင်တယ်။ ညနေသည် တစ်ယောက်ယောက်ရောက်လာတာနဲ့ လက်ဖက်ရည်ဆိုင် သွားစကားပြောရအောင်ဆိုပြီး ပြောလေ့ရှိတယ်။

အဲဒါကြောင့် တချို့သူငယ်ချင်းတွေက လက်ဖက်ရည်သောက်ချင်ပြီဆိုတာနဲ့ ကိုသစ္စာဆီကို လာတော့တာပဲ။ အဲသလိုလာကြတဲ့အထဲမယ် မောင်မြေဖွားလည်းပါတယ်။ တစ်ရက်မှာတော့ မောင်မြေဖွားက လက်ဖက်ရည်သောက်ချင်တော့ ထုံးစံအတိုင်း ကိုသစ္စာဆီရောက်လာသတဲ့။ အဲဒီနေ့မှာမှ ကိုသစ္စာကလည်း သုံးစရာပြတ်နေတော့ အသာငြိမ်နေတယ်။ သူ့မှာရှိတာက သူ့တစ်ယောက်စာလောက်ရှိတာကိုး။ အဲသလိုငြိမ်နေတော့ မောင်မြေဖွား မနေသာတော့ပဲ....



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ္စာ လက်ဖက်ရည်ဆိုင်သွားရအောင်လား"

"သွားလေ"

ကိုသစ္စာလည်း မောင်မြေဖွားဆီမှာ ပိုက်ဆံပါလို့ခေါ်တာပဲဆိုပြီး ထလိုက်လာတယ်။ လက်ဖက်ရည်ဆိုင်ထိုင်မိတော့ စာရေးဆရာ ကိုအာကာ ရောက်လာပြန်သတဲ့။ ကိုအာကာကလည်း ကိုသစ္စာတို့နဲ့ ဝင်ရောထိုင်ရင်း လက်ဖက်ရည်တော့ သောက်ရမှာပဲဆိုပြီး ဝင်ထိုင်တာ။

ဒီလိုနဲ့ လက်ဖက်ရည်မှာသောက်ကြပြီး အတော်ကြာကြာထိ လက်ဖက်ရည်ဖိုးကို ဘယ်သူမှမရှင်းပဲ ထိုင်စကားပြောနေကြသတဲ့။ ပြောရင်းပြောရင်း အချိန်ကြာလာတော့ မောင်မြေဖွားက စားပွဲထိုးကောင်လေးကို လှမ်းကြည့်လိုက်တယ်။

ကောင်လေးကလည်း ငွေရှင်းတော့မယ်ထင်ပြီး စားပွဲနားလာရပ်တယ်တဲ့။ ဒီတော့ ကိုအာကာက အားလုံးဘယ်ဈေးလောက်ကျသလဲလို့ မေးလိုက်တယ်။ ကောင်လေးက နှစ်ဆယ့်တစ်ကျပ်လို့ဖြေတော့ သုံးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အိတ်ကပ်ကို လက်နှိုက်ကြတယ်။ နှိုက်သာနေတယ်။ ဘယ်သူ့လက်မှ အိတ်ထဲကပြန်ထွက်မလာဘူးတဲ့။

အဲဒီအခြေအနေကို စောင့်ကြည့်နေတဲ့ဆိုင်ရှင်က–

"ဟိုကောင် မင်း ပန်းကန်သွားဆေးတော့။ အဲဒီနားရပ်စောင့်မနေနဲ့။ သူတို့က အိတ်ထောင်အနေးပြိုင်ပွဲ ကျင်းပနေတာကွ။ တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး" လို့ ပြောလိုက်သတဲ့။

* * *



## ဘဲ သူငယ်ချင်း

တစ်ခါက ကိုဖိုးလူဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက အလွန်ထင်ပေါ်ချင်တဲ့လူပဲ။ ဒါကြောင့် ဘယ်နေရာမဆို သူများနဲ့မတူအောင်လုပ်လေ့ရှိတယ်။ သူ့အိမ်မျက်နှာစာမှာကိုပဲ တံခါးနှစ်ပေါက်တပ်ပြီး ဝင်/ထွက် ဆို ရေးထားတဲ့လူ။


တစ်ရက်မှာတော့ ကိုဖိုးလူက ရင်းနှီးတဲ့သူငယ်ချင်းတွေဖိတ်ပြီး သူ့မွေးနေ့မှာ ဧည့်ခံဖို့ စီစဉ်သတဲ့။ အကြွေးအမွေးအတွက် နာမည်ကြီးဟိုတယ်မှာ သွားမှာတယ်။

"ကျုပ်က ကြာသပတေးသားဆိုတော့ ပ–ဖ–ဘ–ဗ–မ နဲ့ဧည့်ခံချင်တယ်။ ဒီတော့ ဘဲသားနဲ့ချက်တဲ့ ဟင်းအမျိုးလေးဆယ်လိုချင်တယ်။ ရမလား။ အသက်လေးဆယ်ပြည့် မွေးနေ့လက်ဆောင်မို့"

www.burmeseclassic.com

www.burmeseclassic.com

# ဘရှယ်ချင်း





လို့ မေးတယ်။ ဟိုတယ်ကလည်း ရမယ်ပေါ့။ ဒီလိုနဲ့ သူ့မွေးနေ့ ရောက်တော့ သူငယ်ချင်းတွေကို....

"ကျုပ်ရဲ့အထူးအစီအစဉ်အဖြစ် ဘဲသား ဟင်းအမျိုးလေးဆယ်နဲ့ ကျွေးမွေးပါ့မယ်" ဆိုပြီး လို့ဖိတ်တယ်။ ဟိုတယ်ကို ရောက်တော့ သူ့မွေးနေ့အတွက် ချက်ထားတဲ့ ဟင်းတွေကို ချပေးဖို့ ပြောလိုက်တယ်။ စားပွဲထိုးတွေကလည်း ဟင်းတွေကိုလာချပေးတာပေါ့။

"ဘဲကင်"

"ဘဲချဉ်စပ်"

"ဘဲကုန်းဘောင်"

"ဘဲဆီပျံ"

"ဘဲပေါင်း"

"ဘဲချိုချဉ်"

"ဘဲတောက်တောက်ကြော်"

"ဘဲကန်ရွှန်း"

"ဘဲကြော်"

အဲသလိုဟင်းတွေ တစ်မျိုးပြီးတစ်မျိုး လာချပေးတယ်။ နောက်ဆုံးတစ်ခွက်ရောက်တော့ စားပွဲထိုးက ဘာမှမပြောပဲ အသာလေးချပေးလိုက်တယ်။ အဲဒီဟင်းကိုကြည့်လိုက်တော့ ကြက်



www.burmeseclassic.com

www.burmeseclassic.com



သားဟင်းဖြစ်နေသတဲ့။ ဒီတော့ ကိုမိုးလှက အဲဒီစားပွဲထိုးလက်ကို ဖမ်းဆွဲထားလိုက်ပြီး….

"ငါက ဘဲသားဟင်းမှာသည်းချက်ရမယ်လို့ မှာထားတာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ကဲ ပြောစမ်း၊ ဒါက ဘာဟင်းလဲ"

စားပွဲထိုးက ပြုံးလိုက်ပြီး….

"ဘဲသားကုန်သွားလို့ ဘဲသူငယ်ချင်းကို ချက်ထားတာပါ။ ဘဲသူငယ်ချင်းဟင်းပါ" လို့ ဖြေလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



## [illegible]

တစ်ခါက ရွာတစ်ရွာမှာ အရက်ပုန်းရောင်းတဲ့ ကိုစံမတူဆိုတဲ့ လူတစ်ယောက်ရှိသတဲ့။ သူ့ကို ရဲတွေက မကြာခဏလာဖမ်းလေ့ရှိတယ်။ သူ့မှာက လိုင်စင်လည်းမရှိ။ အခွန်လည်းဆောင်တာမဟုတ်လေတော့ အဖမ်းခံရတာပေါ့။

အဖမ်းခံရပြီဆိုလဲ ထောင်တစ်လကျလိုက်၊ နှစ်လကျလိုက်၊ ငွေဆောင်လိုက်ရနဲ့ မြတ်ထားတာ၊ စုမိဆောင်းမိသမျှ ကုန်တော့တာပဲ။ အဲဒါကြောင့် နောက်ဆုံးတစ်ခါအဖမ်းခံရတော့ အားလုံးက ဒီတစ်ခါလည်း ကိုစံမတူတော့ စုမိဆောင်းမိသမျှ ကုန်ဦးတော့မှာပဲဆိုပြီး ထင်နေကြတာပေါ့။ မိတဲ့အရက်ကလည်း များတယ်။ အခါတိုင်းလို ပုလင်းလေးတွေနဲ့ မဟုတ်ဘူး။ ပုံးလိုက်။

ကိုစံမတူကိုဖမ်းတော့ ည၊ နေဝင်ပြီးစ။ ဒီတော့ အက်



www.burmeseclassic.com

www.burmeseclassic.com

# ကျေးရူး





သေခံပစ္စည်းဖြစ်တဲ့ အရက်ပုံးရော၊ လူရော မနက်မှရဲစခန်းခေါ်တော့မယ်ဆိုပြီး သူကြီးအိမ်မှာချုပ်ထားခဲ့တယ်။

ရဲစခန်းရောက်တော့ စနေ၊ တနင်္ဂနွေခံနေသေးလို့ စခန်းမှာ ထပ်ချုပ်ရသေးတယ်။ ရုံးကိုချက်ချင်း မတင်နိုင်ဘူးတဲ့။ ဒီလိုနဲ့ အဖမ်းခံပြီး သုံးလေးရက်နေမှ ရုံးတင်၊ တရားစွဲဖြစ်သွားတယ်။ တစ်ရပ်လုံးက ဒီတစ်ခါ စံမတူ ထောင်သုံးလအနည်းဆုံးကျမှာပဲလို့ ထင်ထားတာ။ အဲဒါ လုံးဝထောင်မကျပဲ လွတ်လာတယ်။ ဒီတော့ အထူးအဆန်းဖြစ်ပြီး မေးကြတာပေါ့။

"ဘယ်လိုဖြစ်တာလဲ ကိုစံမတူရဲ့။ ကျုပ်တို့က ထောင်ကျလိမ့်မယ်ထင်ထားတာ"

"အဟီး-မင်းတို့ထင်တာ လွဲသွားပြီမဟုတ်လား"

"ပြောပြစမ်းပါဦးဗျ"

"သူတို့ ငါ့ဆီကဖမ်းသွားတဲ့ အရက်တွေက ရုံးမှာ သက်သေခံပစ္စည်းအဖြစ် တင်လိုက်တော့ ရေတွေဖြစ်နေလို့"

"ဘယ်လိုဖြစ်တာလဲ"

"မပြောတတ်ဘူးကွ။ ငါလည်း ဘယ်သူ့ကျေးဇူးတင်ရမှန်း မသိဘူး။ အဲဒီရက်ကတော့ သူကြီးသားရော၊ သူကြီးတူရော၊ စခန်းထဲကလူတွေရော မူးလိုက်တာကတော့ သွက်ချာပါဒကို လည်နေတာပဲ" လို့ ပြန်ပြောလိုက်သတဲ့။


* * *

စိန်စိန်ဦး-စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကြက်ဘယ်ဈေးရှိသလဲ



## ကြက်ဘယ်ဈေးရှိသလဲ

တစ်ခါက စာရေးဆရာကိုသစ္စာ၊ မောင်မြေဖွားနဲ့ ကိုအာကာတို့ဟာ 'စာပေဟောပြောဖို့ မြို့လေးတစ်မြို့ကို ရောက်သွားသတဲ့။ အဲသလိုရောက်သွားတော့ မြို့ခံစာပေဝါသနာရှင်တွေ၊ စာပေကော်မတီတွေက ညှော်ခံပြုစုကြတာပေါ့။

ကိုသစ္စာတို့ကလည်း တစ်ခုခု ပေးတာကျွေးတာနဲ့ အသာယူအသာစားတာ မဟုတ်ဘူး။ စပ်စုသေးတာ။

"ဒီလုံချည်က ဘယ်ဈေးရှိသလဲ"

"သုံးရာပါ"

"သက်သာတာပေါ့ ခင်ဗျာ။ ကျွန်တော်တို့ဆီမှာဆို ငါးကျ ထက်မနည်းပဲ"

နိန်နိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟို ပင်နီစတွေက"

"ရှစ်ဆယ်ပါ"

"တန်တာပေါ့ခင်ဗျာ"

အဲသလိုပြောပြောပြီး လွယ်အိတ်ထဲ ထည့်သတဲ့။ ထမင်းကျွေးတော့လည်း စားရင်းကနေ....

"ဒီမှာ ဆန်ကတော့ ဘယ်ဈေးရှိသလဲ"

"လေးဆယ်ပါ"

"သက်သာတာပေါ့ခင်ဗျာ။ တန်ပါတယ်။ တန်ပါတယ်။ ဒါနဲ့ ပဲစိမ်းကရော ဘယ်ဈေးရှိလဲ"

"အစိပ်သားငါးကျပ်ပါ"

"ဟန်လိုက်တာခင်ဗျာ"

အဲသလိုပြောပြီး ကြက်သားဟင်းချည်း ထည့်စားသတဲ့။ အဲသလိုစားနေရင်းကနေ-

"ကြက်သားကတော့ ဘယ်ဈေးရှိသလဲ" လို့ မေးလိုက်သတဲ့။

အဲဒီမှာ တစ်ချိန်လုံး ဘေးနားကထိုင်ငြိမ်နေတဲ့ စာပေဝါသနာအိုးတစ်ယောက်က-

"ဘူတာနားက ဈေးမှာရှိတယ်။ အကြွေးလဲရောင်းတယ်။ အဲဒါ အကြွေးဝယ်ထားတာ" လို့ ဝင်ဖြေလိုက်သတဲ့။

* * *



## တစ်ယောက်က ကျွန်တော်ပါ

တစ်ခါက ရပ်ကွက်တစ်ခုတွင် သမဝါယမအစည်းအဝေးတစ်ခုလုပ်လေသည်။ ထိုသမဝါယမမှ လူကြီးများမှာ အသင်းပိုင်ငွေများဖြင့် အသင်းအကျိုးလုပ်ရမည့်အစား သူတို့ကိုယ်ကျိုးလုပ်နေကြလေသည်။ အသင်းစရိတ်ဖြင့် မြို့သို့ဈေးဝယ်တက်ရသည့်အခါတိုင်း သူတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို အဓိကထားကာ ရောင်းဝယ်လုပ်ကိုင်လေ့ရှိကြသည်။ တစ်ရွာလုံးမှာ ရပ်ဆွေရပ်မျိုးများလို ဖြစ်နေသောကြောင့် အပြောရခက်နေကြသည်။ ထို့ကြောင့် ယခုအစည်းအဝေးမှာလည်း အရပ်သားများမှာ ပြောလည်းပြောချင်၊ ပြောလည်းမပြောရဲ ဖြစ်နေကြသည်။

ထိုသို့ မဝံ့မရဲဖြစ်နေချိန်မှာ လူငယ်တစ်ယောက်က ထရပ်ပြီး ပုဆိုးကိုပြင်ဝတ်လိုက်သည်။ ပြီးတော့-

"ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ"

"ဘာမှပြောစရာမလိုအောင် မီမံထားတဲ့ကိစ္စမှာ မင်းက



www.burmeseclassic.com

www.burmeseclassic.com

# တစ်ယောက်ကကျွန်တော်ပါ






ဘာပြောချင်ရတာလဲ။ တက်လာတဲ့လူစုကို အားနာဖို့ကောင်းတယ်။ မအားလပ်တဲ့ကြားက လာရတာကွ။ ငါ့တူရယ် မင်းပြောစရာရှိရင် ဦးလေးအိမ်ကိုလာပြီး အေးအေးဆေးဆေး ပြောလို့ရသားပဲ"

"ကျွန်တော် ခုပြောပါရစေ"

အဲသလိုပြောလိုက်တော့ လူတွေကလည်း....

"ပြောပါစေ၊ ပြောပါစေ ကျွန်တော်တို့ အချိန်ရပါတယ်" လို့ ဝိုင်းအော်ကြသတဲ့။ ဒါနဲ့ အဲဒီလူငယ်ကို စကားပြောခွင့်ပေးရတာပေါ့။ ဒီတော့ လူငယ်က–

"ဒီမှာရှိတဲ့ သမလူကြီးများဟာ ကျွန်တော့်ရဲ့ ဘကြီးများ၊ ဦးလေးများဖြစ်ကြပါတယ်။ ကျွန်တော့်မှာ ပုဂ္ဂိုလ်ရေးမကျေနပ်စရာဘာမှမရှိပါဘူး။ ကျွန်တော့်ကို ပြောဆိုဆုံးမပိုင်ခွင့်ရှိတဲ့ လူကြီးများဖြစ်ပါတယ်။ ဒါကြောင့် ရှိသေစွာနဲ့ အမှန်တရားကို ဖော်ပြပါရစေ"

"တင်ပြပါ၊ တင်ပြပါ"

လူထုက အဲဒီလို အားပေးတယ်။ အဲဒီတော့ လူငယ်က–

"ကျွန်တော်တို့ သမအသင်းရဲ့ လက်ရှိလူကြီးများကို လူတစ်ရာမှာ ကိုးဆယ်ယောက်က မကြိုက်ဘူးဆိုတာ ပြောပါရစေ"

အဲသလိုလည်းပြောရော လူတွေက လက်ခုပ်တီးကြတာပေါ့။ သူ့ဦးလေးက ဒေါသကြီးတဲ့ မျက်လုံးနဲ့ စိုက်ကြည့်လိုက်တယ်။ ဒီတော့ လူငယ်က ကပျာကယာဆက်ပြောလိုက်တာကတော့....

"ဦးလေးတို့ကို ကြိုက်တဲ့တစ်ယောက်က ကျွန်တော်ပါ" တဲ့။

* * *

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတွေဘယ်ရောက်



## ယောက်ျားတွေဘယ်ရောက်

တစ်ခါက ရွာတစ်ရွာမှာ ဦးသာဝဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူ့ဇနီးက ဒေါ်ရွှေမျှင်တဲ့၊ ဦးသာဝဟာ သူ့သူငယ်ချင်း ဦးပေတလူ၊ ဦးစံဖျောတို့နဲ့ ညနေတိုင်းဆုံလေ့ရှိတယ်။ သူတို့ဆုံကြပြီဆိုလည်း ယောက်ျားတွေက ကြီးကျယ်မြင့်မြတ်ကြောင်းကိုပဲ အမြဲပြောလေ့ရှိသတဲ့။ ဒေါ်ရွှေမျှင်ကလည်း အဲသလိုပြောတာကို အလွန်နားကြားပြင်းကပ်တာ။ မခံချင်ဘူး။ အလကားနေမိန်းမတွေ ယုတ်ညံ့သလိုဖြစ်နေတော့ သူ့တိုက်ရိုက်မပြောပေမယ့် စိတ်တိုတာပေါ့။

တစ်ရက်မှာတော့ အဲသလိုပဲ ဦးသာဝတို့အဖွဲ့က....

“ယောက်ျားဘဝများ တယ်မွန်မြတ်သကိုး”

မိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ၊ မိန်းမများ နတ်ပြည်ရောက်လို့ နတ်သမီးဖြစ်ရင် ကိုပဲ နတ်သားကိုခစားနေရတာ"

"ဟဲဟဲ-ကျုပ်တို့ယောကျ်ားများ နတ်ပြည်ကို နတ်သား အဖြစ်ရောက်လို့ကတော့ နတ်သမီးလေးတွေက တစ်ဖက်ငါးရာ တဲ့ဗျ။ နှစ်ဖက်ဆိုတစ်ထောင်"

အဲသလိုလည်းပြောရော မီးဖိုချောင်ထဲကနေ အစအဆုံးနား ထောင်နေတဲ့ ဒေါ်ရွှေမှုင်က ရှေ့ထွက်လာပြီး.....

"ကျုပ်မသိလို့ မေးပါရစေဦး"

"ဘာလဲ"

"နတ်ပြည်မှာ နတ်သားတစ်ပါးဆို နတ်သမီးတစ်ထောင် ခစားရတယ်ပေါ့"

"ဒါပေါ့"

"နတ်သမီးတွေက အများကြီးနေမှာပေါ့။ နတ်ပြည်မှာ"

"ဒါပေါ့"

"မိန်းမတစ်ထောင် နတ်သမီးဖြစ်မှ တော်တို့ယောကျ်ား ထဲက တစ်ယောက်ပဲနတ်သားဖြစ်မှာဆိုတော့ ကျန်တဲ့ ကိုးရာကိုး ဆယ့်ကိုးယောက်က ဘယ်ရောက်ကုန်လို့လဲဟင်" လို့ ဝင်မေးလိုက် သတဲ့။

* * *



## ရှေ့ကထွက်ရမလား။ နောက်ကထွက်ရမလား။

တစ်ခါက ကိုသိန်းတန် မစောမြတို့မှာ ငါးနှစ်အရွယ် ကလေးလေးတစ်ယောက်ရှိတယ်။ နာမည်က မောင်သိန်းစောတဲ့။ အဲဒီကလေးက ညဆို တော်တော်နဲ့ မအိပ်ချင်ဘူး။ ဗွီဒီယိုရုံကလည်း နီးနေတော့ ညတိုင်းသွားကြည့်တယ်။

တစ်ရက်မှာတော့ ကိုသိန်းတန်က ဝက်ဝံရုပ်တစ်ရုပ် ဝယ် လာပြီး ညရောက်တာနဲ့-

"ငါ့သား ဝက်ဝံရုပ်ကလေးကို ခြေရင်းမှာထားပြီး အိပ် မလား၊ ဖက်အိပ်မလား" လို့ မေးပြီး ဝက်ဝံရုပ်ကို ထုတ်ပြလိုက် တယ်။ ကလေးက အရုပ်ကိုမြင်လိုက်ရတော့ လိုချင်တာနဲ့ ဖက် အိပ်မယ်ဖေဖေဆိုပြီး အရုပ်ကိုဖက်လို့ စောစောအိပ်ရာဝင်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ကထွက်ရမလား နောက်ကထွက်ရမလား





ကိုသိန်းတန်က နေ့ဆို အရုပ်သိမ်းထားပြီး ညရောက်မှ အဲသလို ထုတ်ပေးပြီး မေးတဲ့နည်းနဲ့ အဆင်ပြေနေတယ်။ ကလေးကို စောစောသိပ်လို့ ရနေတယ်။

ဆယ်ရက်လောက်ကြာတော့ ကလေးက လည်ချင်လာတယ်။ အရုပ်ကိုလည်း ရိုးနေပြီကိုး။ ဒီတော့ ကိုသိန်းတန်က သူ့ရှေ့ အရုပ်ကိုင်ပြီးလာရပ်တာနဲ့ မောင်သိန်းစောက မေးလိုက်သတဲ့။

"ဖေဖေ သားရှေ့ပေါက်ကထွက်ရမလား။ နောက်ပေါက်က ထွက်ရမလား။ ဗွီဒီယိုသွားမလို့" ဆိုပြီးတော့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးမှူးကိုဖြစ်နေပြီ



## ပညာရေးမှူးကိုဖြစ်နေပြီ

တစ်ခါက ကိုစံအေး မကြေးမုံဆိုတဲ့ လင်မယားရှိတယ်။ ကိုစံအေးဟာ ဘာလုပ်လုပ် အမြဲ အများမှားအယွင်းယွင်းတွေ ဖြစ်လေ့ရှိတယ်။ ဈေးဝယ်သွားပြီဆိုတာနဲ့ ဈေးများရင်မျိုး၊ မများရင် ပစ္စည်းမှားလာတော့တာ။ အဲသလိုမှားလာပြီဆိုတာနဲ့-

"ဒီတစ်ခါတော့ဆရာပေါ့ကွာ။ ဒီဆိုင်လည်း ဒီတစ်ခါသာ ပေါ့။ နောက်တော့ ဝယ်တတ်ပါပြီ" ဆိုပြီး ပြောလေ့ရှိတယ်။

အိမ်မှာတင် အလုပ်လုပ်နေလည်း ဘာလုပ်လုပ် မမှားတဲ့ အခါရယ်လို့ မရှိဘူး။

စားပွဲခုံမ,လိုက်လို့ အောက်ကတန်းနဲ့မလွတ်လို့ တိုက်မိပြီး ခြေထောက်ယိုင်သွားတာတို့၊ လှန်းထားတဲ့ ပုဆိုးကိုယူရင်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းနဲ့ငြိပြီး စုတ်သွားတာတို့ ခဏခဏဖြစ်တယ်။ အဲသလို ဖြစ်ရင်လည်း ဒီတစ်ခါဆရာပေါ့ကွာ။ နောက်ဒီလိုမဖြစ်အောင် လုပ်ရမယ်ဆိုပြီး ပြောလေ့ရှိတယ်။ တစ်ရက်မှာတော့ ထမင်းအိုး ဆူနေတာကို ကိုစံအေးထင့်တယ်။ မကြေးမုံက အဝတ်လျှော်နေ တာကိုး။ အဲဒီမှာ ကိုစံအေးရဲ့ ထုံးစံအတိုင်း ထမင်းရည်ငှဲ့ရင်း လက်ကိုအခိုးဟပ်တော့ ပူတာနဲ့ ယောင်ပြီးလွှတ်ချလိုက်တာ ထမင်းအိုးမှောက်သွားသတဲ့။ "ဂလုံ၊ ဂလွမ်"နဲ့ အသံတွေကြားတော့ မကြေးမုံက ပြေးဝင်လာပြီး....

"ဟော ထမင်းအိုးမှောက်နေပြီ။ ဟိုတစ်ခါလည်း လက် အခိုးဟပ်လို့ မှောက်ပြီးပြီ။ အဲဒီတုန်းက ဒီတစ်ခါဆရာပေါ့။ နောက်ဆို လက်မပူအောင် အဝတ်ကြီးကြီးနဲ့ ကိုင်ရမယ်ဆို။ ကဲ- ခုဘာပြောဦးမလဲ" လို့ မေးသတဲ့။

ဒီတော့ ကိုစံအေးက-

"တစ်ခါဆရာ၊ နှစ်ခါဆိုတော့ ကျောင်းအုပ်ပေါ့ကွာ"လို့ ရယ်ကျဲကျဲနဲ့ ဖြေသတဲ့။ ဒီတော့ မကြေးမုံဟာ ဒေါသဖြစ်သွားပြီး-

"တော်က ကျောင်းအုပ်မဟုတ်ဘူး။ ပညာရေးမှူးကိုဖြစ်နေ ပြီ" လို့ ပြန်အော်လိုက်သတဲ့။

* * *



## အရှယ်

တစ်ခါက မြို့တစ်မြို့မှာ ကိုစံလူဆိုတဲ့ လူတစ်ယောက်ရှိ တယ်။ သူက လက်ဖက်ရည်ဆိုင်လေးဖွင့်ထားပြီး နိုင်ငံရေးကို အလွန်ဝါသနာပါတယ်။ လက်ဖက်ရည်ဆိုင် လာသောက်တဲ့သူ တွေနဲ့ နိုင်ငံရေးစကားအားကြီးပြောချင်တယ်။

"ဘောစနီးယားအကြောင်း သိသလား"

"မသိဘူး။ ဒူးယားပဲသိတယ်"

"မင်းတို့လူငယ်တွေ ကမ္ဘာ့အရေးစိတ်မဝင်စားကြဘူး"

"အချစ်ရေးက ကြည်နူးစရာကောင်းပါတယ် ကိုကြီးစံလူရာ"

"ထွီ-အလွန်ညံ့တဲ့ကောင်တွေ၊ မင်းတို့ ဒါကြောင့်မတိုးတက် တာ။ ဆယ်တန်းကျနေတာ တဖုံးဖုံးနဲ့။ ဒီမယ် တို့ဗိုလ်ချုပ်အောင်



www.burmeseclassic.com

www.burmeseclassic.com

# အရှယ်





ဆန်းဟာ မင်းတို့အရွယ်မှာ တက္ကသိုလ်ရောက်နေပြီကွ။ နားလည်ရဲ့လား"

အဲသလိုပြောတော့ လူငယ်တွေက ကိုစံလှကိုကြည့်ပြီး ပြုံးတယ်။ ပြီးတော့....

"ဟုတ်ပါတယ် ကိုကြီးစံလှရယ်။ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်တို့အရွယ်မှာ တက္ကသိုလ်ရောက်နေပြီ။ ခင်ဗျားအရွယ်ကျတော့ အမျိုးသားခေါင်းဆောင်ကြီးဖြစ်နေပြီ။ ခင်ဗျားမှာ ခုထိ ဝမ်းတီးတူးကော် အော်ရတုန်း" လို့ ပြန်ပြောလိုက်သတဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *



www.burmeseclassic.com

www.burmeseclassic.com

# ခပ်တည်တည်နေတာ



## ခပ်တည်တည်နေတာ

တစ်ခါက ရွာတစ်ရွာမှာ လူရွှင်တော်ကြီးဦးကြောင့်ဆိုတာရှိတယ်။ သူက လူရွှင်တော်ကြီးပီပီ အပြင်မှာလည်း အမြဲပျော်ပျော်ရွှင်ရွှင်နေတယ်။ သူနဲ့ပေါင်းတာကလည်း ကလေးတွေ၊ လူငယ်တွေပဲများတယ်။ ဦးကြောင့်ရဲ့ဇနီးကဆို အဲသလိုစပ်ဖြဲဖြဲနေတာကို လုံးဝမကြိုက်ဘူး။ အသက်ကြီးလာတော့ ခပ်တည်တည်နေစေချင်တယ်။

“ကိုကြောင့်”

“ဗျို”

“ဘာဗျိုလဲ၊ ဗျိုဖြင့်ဗျို၊ ဗျာဖြင့်ဗျာ လို့ထူးပါလား”

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကားရုံလိုက်အောင်လို့ပါ။ မင်းကကိုကြာလို့ခေါ်ပါလား။ ငါကလည်း ဗျာလို့ထူးတာပေါ့"

အဲသလို အသေးအဖွဲ့လေးကအစ ရှုတ်နှောက်နှောက်နေတာ။ ဒီလိုနဲ့ အသက်ကိုးဆယ်ကျော်မှ ဦးကြာင်ဆုံးသွားတယ်။ ဒီတော့ အဖွားကြီးက ဦးကြာင်ရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး–

"ကိုကြာင်ရယ် ခပ်တည်တည်နေတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်" လို့ ပြောလိုက်သတဲ့။

* * *



## တော်ကာ လူကြီးကိုး

တစ်ခါက ကိုစာဥ မဂျိုးဖြူဆိုတဲ့ လင်မယားရှိတယ်။ သူတို့မှာ သားလေးမောင်ဒေါင်းရှိပြီး မောင်ဒေါင်းငါးနှစ်ပြည့်တော့ ကျောင်းထားပေးတာပေါ့။

ကျောင်းနေပြီး သုံးလလောက်ကြာတော့ ကိုစာဥက သူ့သား မောင်ဒေါင်းကိုခေါ်ပြီး မေးတယ်။

"ငါ့သား စာအတော်တတ်ပြီလား"

"တတ်ပြီဖေဖေ"

"ကကြီး ခကွေး ရသလား"

"ရတယ် ကကြီး ခကွေး"


"ဟား တယ်ဟုတ်ပါလား။ ဒါဖြင့် ဖေဖေကို စာလုံးပေါင်းပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com

# တော်ကလူကြီးကိုး



မောင်ဒေါင်းက အတော်ကြာစဉ်းစားပြီး....

"အဲသလိုတော့ မပေါင်းတတ်ဘူး"

လို့ ဖြေသတဲ့။ ဒီတော့ ကိုစာဥက

"မှတ်ထား မေမေပေါင်းပြမယ်။ ဖေ့ရေးချဖေ၊ ဖေ့ရေးချဖေ လို့ ပေါင်းရတယ်" လို့ သင်ပေးသတဲ့။

အဲသလိုသင်ပေးတာကို ဘေးနားက နားထောင်နေတဲ့ မဂျိုးဖြူက မှတ်ချက်ချလိုက်ပုံက–

"ပေါင်းတတ်မှာပေါ့။ တော်ကလူကြီးကိုး" တဲ့။

( ကြားဖူးနားဝဟာသပုံပြင် )

* * *

နန်းစိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဒဏ်ရိုက်ပုံက



## ဒဏ်ရိုက်ပုံက

တစ်ခါက အငြိမ့်အဖွဲ့တစ်ဖွဲ့မှာလည်း စည်းကမ်းလုပ်ထားသတဲ့။ အဲဒီစည်းကမ်းက အရက်မသောက်ဖို့ပေါ့။ လုပ်ငန်းခွင်မှာ အရက်သောက်လာရင် လုပ်ငန်းထိခိုက်တဲ့အတွက် တားမြစ်ထားတာပဲ။ ဒီလိုတားမြစ်ထားတာကို ကျူးလွန်ရင် ဒဏ်ရိုက်ဖို့အတွက် လူရွှင်တော်တွေထဲက အသက်အကြီးဆုံး ဦးတိုင်းတို့ကို တာဝန်ပေးထားတယ်။

ဒီလိုနဲ့ နယ်တစ်နယ်မှာ ပွဲကကြတဲ့အခါ လူရွှင်တော် ငယ်ငယ်နှစ်ယောက်က အရက်သောက်လာကြတယ်။ တစ်ယောက်ကဆို ပုလင်းခါးကြားထိုးပြီး စင်ပေါ်တက်လာတာ။ ဒီတော့ ဦးတိုင်းတို့က....

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ စည်းကမ်းထုတ်ထားတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့သိပါတယ်"

"ကဲ သိရင် ကျူးလွန်တဲ့အတွက် ဒဏ်ရိုက်ရမှာပဲ။ အာပြဲက အရက်နံ့နဲ့ စင်ပေါ်တက်လာတဲ့အတွက် ဒဏ်ငွေတစ်ရာ၊ မာတောက်ကတော့ ပုလင်းခါးကြားထိုးတက်လာတဲ့အတွက် ဒဏ်ငွေနှစ်ဆယ်"

"ဟင်"

"ဘာဟင်တာလဲ"

"ဦးလေးဒဏ်ရိုက်တာ မတရားဘူး။ ပုလင်းပါခါးကြားထိုးတက်လာတဲ့ မာတောက်ကို နှစ်ဆယ်ဒဏ်ရိုက်ရတယ်လို့၊ ကျွန်တော့်ကျတော့ တစ်ရာတဲ့"

"အေးလေ၊ အဲဒါဘာဖြစ်လဲ။ ဒီမှာ မင်းကအနံ့နဲ့တင် စင်ပေါ်တက်လာတာ။ ငါတို့ကမနေနိုင်လို့ ဝယ်သောက်ရရင် ငွေအများကြီးလိုမယ်။ ဒါကြောင့် တစ်ရာဒဏ်ရိုက်တာ။ ဟိုကောင်က ပုလင်းခါးကြားထိုး တက်လာတာဆိုတော့ တို့မနေနိုင်လို့ ယူသောက်ရင် အမြည်းဖိုးပဲလိုမယ်။ ဒါကြောင့် နှစ်ဆယ်ဒဏ်ရိုက်တာ" လို့ ရှင်းပြလိုက်သတဲ့။

* * *



## သိတဲ့တစ်လုံး

တစ်ခါက ရွာတစ်ရွာမှာ ကိုသူညဆိုတဲ့လူတစ်ယောက်ရှိတယ်။ သူဟာ စာမတတ်ရှာဘူး။ ဒါပေမယ့် ငယ်ငယ်လေးထဲက "မြန်မာစာထဲမှာ ငသန်လျင်ချိတ်" ဟာ အရေးရခက်တယ်။ ခဏခဏမေ့တတ်တယ်ဆိုပြီး ကြားဖူးလို့ အဲဒီစာတစ်လုံးကိုတော့ သူကသတိထားမိနေသတဲ့။ ငါအကုန်မတတ်ချင်နေပါစေ။ အဲဒီအခက်ဆုံးဆိုတဲ့ တစ်လုံးဖြစ်ဖြစ်တော့ တတ်အောင်သင်ထားရမယ်ဆိုပြီး သင်ထားတယ်။ မှတ်ထားတယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ သူ့တူလေးတစ်ယောက်ကို မြို့ကရောက်လာတဲ့ ကျောင်းသားတစ်ယောက်က စာသင်ပေးတယ်။ ကကြီးခကွေးပါ။ သူကအေားကထိုင်ကြည့်နေတယ်။ အဲ–ငသန်လျင်



www.burmeseclassic.com

www.burmeseclassic.com

# သိတဲ့တစ်လုံး





ချိတ်အကွရာနေရာရောက်တော့ မြို့ကကောင်လေးရေးပြတာ မှား နေသတဲ့။ ဒီတော့–

"ငှသန်လျှင်ချိတ်က ဒီဘက်မလှည့်ဘူး။ ဟိုဘက်လှည့်ရတာ"

ကိုသုညက ဝင်ပြောတာပေါ့။ ဒီတော့ ဘေးနားမှာရှိတဲ့ သူ့အစ်ကိုကြီးက....

"သုညရာ မင်းက ကကြီးခကွေးတောင်မတတ်ပဲနဲ့ ဝင်မရှုပ်စမ်းပါနဲ့။ မင်းဘာသိလို့လဲ" လို့ ငေါက်လိုက်တယ်။

ဒီတော့ သုညက ပြန်ပြောလိုက်တယ်။

"သိတဲ့တစ်လုံးလေး မှားနေလို့ ဝင်ပြောတာပေါ့"

* * *

မိန်မိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးကောင်းလေး



BURMESE CLASSIC .com

## အမျိုးကောင်းလေး

တစ်ခါက မြို့တစ်မြို့မှာ ကိုတက်တူဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက ခွေးတွေမွေးပြီး ရောင်းတယ်။ အပြောကလည်း သိပ်ကောင်းတာ။ ခွေးဝယ်ဖို့လာတဲ့လူကိုကြည့်ပြီး ဝယ်ချင်စိတ်ပေါက်အောင် ပြောနိုင်တယ်။

လာဝယ်တာက မိသားစုလိုက်။ ကလေးလေးလည်းပါတယ်ဆိုရင်....

"ဒီခွေးကြီးယူပါလားဗျာ။ ဒီကောင်ကြီးက ကလေးထိန်းသိပ်ကောင်းတာ။ ကလေးရဲ့အနားတော့ မိသားစုကလွဲရင် ဘယ်သူမှအကပ်ခံမှာ မဟုတ်ဘူး။ သိပ်ကလေးချစ်တဲ့ ကောင်ကြီး။ ကလေးတွေက ဆော့လို့ ကစားလို့ကတော့ ကျေနပ်နေတာ။ ကုပ်ခွစီး၊ နားရွက်ဆွဲ ဘာလုပ်လုပ်ခံတာ"

ဆိုတဲ့ အပြောမျိုးနဲ့ ဝယ်သွားအောင်လို့ ဈေးတီးတတ်တယ်။ ရောင်းတတ်တယ်။

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ငယ်ငယ် လင်မယားလာဝယ်ပြီဆိုရင် "ဟိုခွေးလေး ယူပါလား၊ လူတစ်ယောက်လိုကို သိတတ်တာ၊ ကလေးလေးလိုပဲ တီတီတာတာတော့ လုပ်မှာပဲ။ သွားတဲ့နောက် တကောက်ကောက်တော့ လိုက်မှာပဲ" ဆိုပြီး ပြောရောင်းတော့တာ။

တစ်ရက်မှာတော့ လင်မယားနှစ်ယောက် ခွေးဝယ်ဖို့ ရောက်လာတယ်။ ကားပေါ်မှာလည်း အဖွားကြီးတစ်ယောက်ပါတယ်။ ကိုတက်တူက လူတွေကို အကဲခတ်လိုက်ပြီး....

"ဘယ်လိုခွေးမျိုးလိုချင်တာပါလိမ့်။ ခြံစောင့်လား၊ အလှမွေးလား"

"အလှမွေးဖို့ပါဗျာ။ ဝါသနာပါလို့ပါ။ သဘောကောင်းမယ့်ခွေးမျိုးလိုချင်တယ်။ အိမ်မှာ အဘွားကလည်းအတူနေတော့ အဘွားကို ကိုက်မှာပြုမှာလည်း စိုးရတယ်။ အရင်တစ်ကောင်က အဘွားကို ကိုက်ဖူးလို့"

"အင်း ဒါဆို ဟိုခွေးလေးယူသွားပါလား။ အနက်ကျားလေး။ အလွန်သဘောကောင်းပါတယ်" လို့ ပြောတယ်။

ဝယ်မယ့်လူက ခွေးကို သေသေချာချာ ကြည့်နေတယ်။ ခွေးက အမြီးနန့်ပြတယ်၊ ကိုတက်တူက....

"စိတ်ချလက်ချ ဝယ်သွားပါဗျာ။ တကယ်သဘောကောင်းပါတယ်။ အမျိုးကောင်းလေးပါ။ သူ့အမေဆိုရင် သူခိုးနင်းလို့ သေသွားတာပါ" တဲ့။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com